# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ် (၁၀၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကုန်သွယ်ရေးနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်လာသည့်အတွက် မြန်မာ့ဖရဲဈေးကွက် ယခင်နှစ်ကထက် ဈေးကောင်းရနေ



ရန်ကုန်မြို့ မြေပဒေသာကျွန်း ဟင်းသီးဟင်းရွက် သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲ၌ ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင် ဖရဲသီးများကို တွေ့ရစဉ်။

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံရှိ ဖရဲစိုက်တောင်သူများအနေဖြင့် နေရာဒေသအနှံ့တွင် ဖရဲကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြသော်လည်း ယခင်နှစ်များက ပြည်တွင်းဈေးကွက်မရရှိခဲ့ခြင်းနှင့် နယ်စပ်ဂိတ်များ ပိတ်ထားခဲ့ခြင်းတို့ကြောင့် ဈေးကောင်းမရသည့်အပြင် အရင်းအနှီးနှင့် လုပ်အား ဆုံးရှုံးမှုများ ကြုံတွေ့ကြရသည်။

ယခုအခါ မြန်မာကုန်သွယ်မှု နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နေသည့်အတွက် မြန်မာ့ဖရဲဈေးကွက်သည် ယခင်နှစ်များထက် ဈေးအမြင့်ဆုံးတွင် ရပ်တည်နေပြီဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ကျင်းပသည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီး (မြေပဒေသာကျွန်း) ဟင်းသီးဟင်းရွက် သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲ ဖရဲအလုံးကြီးပြိုင်ပွဲ၌

*စာမျက်နှာ ၄ ကော်လံ ၁* ❐

## ထူးခြားသည့် ညအပူချိန်များ ၇-၁-၂၀၂၃

| | | | | | |
|---|---|---|---|---|---|
| ဟားခါးမြို့ | ၀ | ဒီဂရီစင်တီဂရိတ် | လွိုင်လင်မြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၂ | ဒီဂရီစင်တီဂရိတ် | မိုင်းယန်းမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၄ | ဒီဂရီစင်တီဂရိတ် | ဟဲဟိုးမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |


### ယနေ့ ဖတ် စ ရာ

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့၌ မွေးဖွားခဲ့သည့် ကလေးငယ်များနှင့် မိခင်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်

ပြည်တွင်းသတင်း | စာ ၅

.........................

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် | စာ ၇

.........................

ရွှေစက်တော်ဘုရားပွဲတော်ကာလအတွင်း မန်းချောင်း အပန်းဖြေဆင်စခန်း၌ ဆင်လိမ္မာလေးများ ကပြဖျော်ဖြေသည့်အစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးမည်





ပြည်တွင်းသတင်း | စာ ၁၇

.........................

နှစ်ဆန်းပိုင်းတွင် အိန္ဒိယပို့ကုန် မြေထောက်ပဲနှင့် တရုတ်ပို့ကုန် နှမ်းနက်များ ဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်သွက်နေ

စိုက်၊ မွေး၊ စီးပွားအထူးကဏ္ဍ | စာ ၂၀

# ပြည်ပပို့ကုန် ပဲမျိုးစုံ ဈေးကွက်ချဲ့ထွင်၊ တိုးတက်ထုတ်လုပ်

လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့်အလျောက် မြန်မာ့ပို့ကုန်အများစုမှာလည်း လယ်ယာထွက်ကုန်များဖြစ်သည်။ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးတို့မှတစ်ဆင့် ပြည်ပသို့ တင်ပို့ရာတွင် ပဲမျိုးစုံသည်လည်း အဓိကပို့ကုန်၌ ပါဝင်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် လယ်ယာသီးနှံများမှာ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ ဝါ၊ ကြံတို့ ဖြစ်ပြီး တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲမျိုးစုံက ဒုတိယအများဆုံးဖြစ်သည်။ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုသည် လယ်ယာထွက်ကုန်စုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံတစ်ဝန်းလုံး စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်တွင် ပဲမျိုးစုံကို စိုက်ပျိုးနေကြခြင်းဖြစ်သည်ဟု ဆိုသည်။ ပဲမျိုးစုံစိုက်ပျိုးသည်ဟုဆိုရာတွင်လည်း ပြည်ပသို့ အဓိကပို့သော ပဲသုံးမျိုးဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို စုစုပေါင်း ပဲစိုက်ပျိုးဧက၏ သုံးပုံနှစ်ပုံခန့်တွင် စိုက်ပျိုးနေကြခြင်းဖြစ်ပြီး ကျန်ပဲစိုက်ဧကများတွင် ပဲလွမ်း၊ မြေထောက်ပဲ၊ ပဲထောပတ်၊ ပဲယဉ်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများ စိုက်ပျိုးနေကြခြင်းဖြစ်သည်။

ပြည်ပပို့ကုန် ပဲသုံးမျိုးတွင် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယသို့ အဓိကတင်ပို့ခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်သည်ဟု သိရသည်။ ယခုအခါ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် မြန်မာ့ထွက်ကုန်ပဲများကို အဆင့်မြင့်ပြည်ပဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ သို့ဖြစ်ရာ မိမိတို့၏ ကုန်ပစ္စည်းများ ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဈေးကွက်ရရှိနိုင်ရေးတို့အတွက် အရည်အသွေးကောင်းမွန်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အလေးဂရုပြုကြရမည်ဖြစ်သည်။ အဆင့်မြင့်ဈေးကွက်များအနေဖြင့် အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရေးကို အလေးအနက်တောင်းဆိုလေ့ရှိကြသည့်အလျောက် စံချိန်စံညွှန်းမမီသည့် ကုန်ပစ္စည်းများအဖြစ် ဈေးကွက်မှငြင်းပယ်ခြင်းခံရပါက နစ်နာဆုံးရှုံးမှု ကြီးမားမည်ဖြစ်ပြီး ရေရှည်တွင် ဈေးကွက်ကို လက်လွှတ်ရသည့် အခြေအနေသို့ ရောက်ရှိနိုင်သည်။

စိုက်ပျိုးထုတ်လုပ်သည့် အစားအစာများ ဘေးကင်းလုံခြုံရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုမှ စတင်ကာ သိုလှောင်မှု၊ သယ်ယူပို့ဆောင်မှု စသည့်ကွင်းဆက်အဆင့်ဆင့်တို့တွင် ကျန်းမာရေးနှင့် ညီညွတ်စေသည့် အလေ့အကျင့်ကောင်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန်လိုသည်။ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် နှစ်သန်းကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံခန့် ရရှိခဲ့ရာ ပဲမျိုးစုံ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်များ ချဲ့ထွင်ရေးတို့ကို နိုင်ငံတော်၏ အကျိုး၊ စိုက်ပျိုးထုတ်လုပ်မှုမှသည် တင်ပို့ရောင်းချမှုအထိ လုပ်ငန်းကွင်းဆက်တစ်လျှောက်တွင် ပါဝင်လုပ်ကိုင်ကြသူများ၊ ပြည်သူများ၏ အကျိုးအတွက် မဖြစ်မနေအောင်မြင်ရေး ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့**
**ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၊**
**သမ္မတ မစ္စတာ ဘာရှာ အယ် အာဆတ် ထံမှ ပေးပို့သည့်**
**ဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး အဆွေတော်၏နှစ်လိုဖွယ် နိုင်ငံတော်ကြီး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နှစ်နိုင်ငံ ပြည်သူများအကျိုးစီးပွားအတွက် ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးအား ပိုမိုတိုးတက်ခိုင်မာစေရေး အတူတကွ လက်တွဲဆောင်ရွက်သွားရန် မိမိတို့၏ စိတ်ဆန္ဒရှိမှုအား ထပ်လောင်းအတည်ပြု ပြောကြားလိုပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အုန်းတောပရိယတ္တိ စာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာ၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော် ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ကြာကန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ အောင်သုခဗိမာန် ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ဓမ္မသုခပရိယတ္တိစာသင်တိုက်နှင့် သာကေတမြို့နယ်ရှိ ညောင်ရိပ်သာ ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်း ဒေသကြီး ပခုက္ကူမြို့နယ်ရှိ မိုးကုတ်ရိပ်သာ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ ရန်ကုန်တိုင်း ဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မဟာဂန္ဓရုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ စွယ်တော်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ကန်မိန်းပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၇

၂၀၂၃ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဌာနဆိုင်ရာများ၏ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကိုပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးမျိုးဆွေနှင့် ပြည်နယ် သယံဇာတရေးရာ ဝန်ကြီး ဦးတိန့်ဆောင်တို့က ဇန်နဝါရီ ၇ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဖွင့်လှစ်သွားမည့် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ အသစ်ဆောက်လုပ် ပြီးစီးသည့် ရေကူးပြေးလမ်း ၁၀ လမ်းပါ ငြိမ်းချမ်းသာယာ ရေကူးကန်နှင့် ရေကူးကန်အဝင်လမ်း ဆောင်ရွက်ထားရှိမှုနှင့် ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်း မြက်ခင်းပြင်၌ မနောကွင်းပုံစံငယ် တည်ဆောက်ထားရှိမှုနှင့် စိန်ရတု ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသသွားမည့် ဌာနဆိုင်ရာပြခန်းများ၊ ဒေသထုတ်ကုန်ပြခန်းများ ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရောရပ်ကွက်ရှိ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ရောက်ရှိပြီး ပြည်နယ်မိုးလုံလေလုံ အားကစားခန်းမအတွင်း စိန်ရတုကချင်ပြည်နယ်နေ့အထိမ်းအမှတ် ကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနား လေဆိပ်အတွင်းရှိ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သွားမည့် လေဆိပ်ဝင်းအတွင်း ပန်းဥယျာဉ်နှင့် စိုက်ပျိုးထားရှိသည့် ပန်းအလှပင်များ၊ အလှပန်းအိုးများ ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၇

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA)နှင့် ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



**အတည်ပြု လက်မှတ်ရေးထိုး**

တွေ့ဆုံဆွေးနွေးပွဲတွင် ၃ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး၍(**အပေါ်ပုံ**) အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကိုယ်စား “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြပြီးနောက် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် “ဝ” ပြည် သွေးစည်းညီညွတ်ရေး ပါတီ (UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုတို့ အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ် ရေးထိုး အပြန်အလှန် လဲလှယ်ကြစဉ်။

# စလင်းမြို့နယ်၌ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါး ဧက ၁၀၀၀ စိုက်ပျိုးရန် ဆွေးနွေး



**စလင်း ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါး စိုက်ပျိုးဧက ၁၀၀၀ စီမံကိန်း အကောင်အထည်ဖော်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၆ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်က မင်းဘူးခရိုင်အနေဖြင့် ဧက ၁၆၀၀၀ စိုက်ပျိုးရမည်ဖြစ်သည့်အတွက် မင်းဘူးမြို့နယ်က စိုက်ပျိုး ဧက ၁၀၀၊ ပွင့်ဖြူမြို့နယ်က စိုက်ပျိုးမြေဧရိယာနှင့် ဆည်ရေသောက် များပြားသည့်အတွက် စိုက်ပျိုးဧက ၁၅၀၀၀၊ စလင်းမြို့နယ် က စိုက်ပျိုးဧက ၁၀၀၀ တို့ကို ဆည်ရေပေးဝေမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပဏာမအနေဖြင့် ကျေးရွာအုပ်စု ငါးအုပ်စု၌ ဧက ၁၀၀၀ ကို တောင်သူ ၆၃၈ ဦး၊ ကွင်း ငါးကွင်းတွင် စိုက်ပျိုးမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဌာနဆိုင်ရာများ ပူးပေါင်းဖွဲ့စည်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်လင်းက ဆောင်ရွက်မည့်စီမံကိန်းနှင့် ပတ်သက်၍ ထပ်ဆင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများက စီမံကိန်းနှင့် ပတ်သက်ပြီး ဆောင်ရွက်ရမည့် အခက်အခဲ၊ စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်သည့် လုပ်ငန်းရှင်များ၊ တောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်၊ ဆန်စပါးလုပ်ငန်းရှင်များက မျိုးစပါးရရှိရေးအပါအဝင် လိုအပ်ချက်များနှင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဆန်းမြတ်ထွန်းက ချေးငွေကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို ဂုဏ်ပြုအခမ်းအနား ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စားပြု စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုသည့်အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနကြီးမှူးများ၊ တာဝန်ရှိသူများ၊ စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအဖွဲ့၏ ထင်ရှားပြီး သမိုင်းမှတ်ကျောက်တင်နိုင်သော အခမ်းအနားဖြစ်ပါကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြု ဂုဏ်ပြုယာဉ်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်သူများ၊ အထိမ်းအမှတ်ပြခန်းများတွင် ပါဝင်ဆောင်ရွက်သူများ၊ ဂုဏ်ပြုစစ်ကြောင်းတွင် ပါဝင်သူများ၊ ဂုဏ်ပြုဆောင်၊ ဗိုလ်ရှုဆောင်အခမ်းအနားများ ပြင်ဆင်မှုတွင် ပါဝင်သူများ စသည့်ကဏ္ဍ အသီးသီးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သူများကို အသိအမှတ်ပြုမှတ်တမ်းတင် ဂုဏ်ပြုခြင်းဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် ကြုံတောင့်ကြုံခဲ စိန်ရတုလွတ်လပ်ရေးနေ့တွင် တစ်တပ်တစ်အား ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့သည့်အတွက် မိမိတို့၏ဘဝတစ်သက်တာတွင် အစဉ်ထာဝရ ဂုဏ်ယူနေရမည်ဖြစ်ပါကြောင်း၊ ယခုလို နိုင်ငံတော်အဆင့် အခမ်းအနားတွင် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော မိမိတို့ဝန်ကြီးဌာန ဝန်ထမ်းများကို ယနေ့ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ ဂုဏ်ပြုခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲ ကျင်းပရခြင်းမှာ အချင်းချင်းစည်းလုံးညီညွတ်ပြီး ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အတွေ့အကြုံများ ဖလှယ်ခွင့်ရရှိစေရန်၊ အခက်အခဲများကို အောင်မြင်ကျော်လွှားနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကိုယ်စား ချီတက်လမ်းလျှောက်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က တစ်ဦးချင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို Draw Lucky Software ဖြင့် တစ်ဦးချင်းအလှည့်ကျ ဗလာမပါကံစမ်း မဲဖောက်ပေးသည့်အစီအစဉ်များ ဆောင်ရွက်၍ ဝန်ထမ်းများနှင့် ဧည့်သည်တော်များကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေမုယင်းဒေသ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ပါရမီလမ်း လမ်းသားတိုးချဲ့ကွန်ကရစ်ခင်းကျင်းနေမှု ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၇**



ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက တွံတေးမြို့နယ် ရေတွင်းကုန်းကျေးရွာအနီး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ရေတွင်းကုန်းနှင့် ကွင်းပေါက်ရွာအကြား ကွန်ကရစ် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ ရွှေမုယင်းဒေသသို့ ဆက်သွယ်သည့် ကုန်ထုတ်လမ်းဖြစ်သော မမျိုးစု-ကင်းရွာ-ခရမ်းဝ - ရေတွင်းကုန်း - ကွင်းပေါက်လမ်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က ဆောင်ရွက်လျက်ရှိသော ခရမ်းဝကျေးရွာမှ ကွင်းပေါက်ကျေးရွာ လမ်းပိုင်းသည် အောက်ခံ ၆ လက်မထု၊ အကျယ် ၁၄ ပေ၊ အရှည် ပေ ၇၅၀၀ အထိ ဆောင်ရွက်ပြီးဖြစ်ရာ မူလလမ်းအရှည် ပေ ၂၁၂၇၀ ၏ အောက်ခံမြေသားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်အပြင် လုပ်ငန်းတစ်ခုလုံး ၅၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်းတစ်ခုလုံး ခင်းကျင်းပြီးစီးပါက တွံတေးမြို့နယ် ရွှေမုယင်း ဒေသအတွင်းရှိ လယ်ယာစိုက်ပျိုးရေး၊ ဆန်စပါးနှင့် ငါးမွေးမြူရေး လုပ်ငန်းများအပြင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများ ပိုမိုကောင်းမွန် ဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ-တွံတေးလမ်းပေါ်ရှိ ကွန်ကရစ်ဖျော်စက်သို့ သွားရောက်၍ စက်များ ကြံ့ခိုင်ကောင်းမွန်မှု ရှိစေရေးနှင့်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးအတွက် ကွန်ကရစ်များ အချိန်မီပေးပို့နိုင်ရေး မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်မြို့နယ် (၁၂) ရပ်ကွက်၊ ပါရမီလမ်းသို့သွားရောက်၍ ပြည်လမ်းနှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အဝင်လမ်းအကြား လမ်းသားတိုးချဲ့မြေပြုပြင်၍ ကွန်ကရစ်ခင်းကျင်းနေမှုကို ကြည့်ရှုရာ ကွန်ကရစ်ခင်းကျင်းနေမှုမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး တိုးချဲ့လမ်းနှင့် အင်းလျား လေးကန်စပ်အကြား လူသွားစင်္ကြံ စက်ဘီးလမ်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❐ ***ရွှေဖုံးမှ***

ပထမဆုရ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အုန်းပင်ကုန်းကျေးရွာ ဖရဲစိုက်တောင်သူ ဦးကျော်စွာဝင်း က ပြောသည်။

"ဖရဲဈေးကွက်ကလည်း လမ်းကြောင်းပွင့်သွားပြီ။ တရုတ်ပြည်အထဲမှာ ရောင်းတဲ့အသီးက အသီးအကြီးအလှပေါ့။ ၁၁၀၀၊ ၁၂၀၀ လောက်ဆို ယွမ်ငွေလေးယွမ်ကျော်လောက်အထိ ဖြစ်တယ်။ မှည့်ပြီးအလုံးသေးတွေကျတော့ နှစ်ယွမ်ကျော်လောက်ပဲရတယ်။ အရင်ကထက်စာရင် အများကြီးတော့တက်သွားတယ်။ တက်သွားတဲ့ အကြောင်းကလည်း ကုန်သွယ်မှုစီးဆင်းမှုကို သူတို့က ဖြေလျှော့ပေးလိုက်တဲ့အတွက် ကျွန်တော်တို့ တောင်သူတွေ အခွင့်အလမ်း တစ်ပန်းသာသွားတယ်။ ဖရဲကတော့ စိုက်တဲ့နည်းတွေ အမျိုးမျိုးရှိတာပေါ့။ ကျွန်တော်တို့ကတော့ ရေအစက်ချစနစ်နဲ့ စိုက်လာတာပါ။ ရေပိုက်တွေနဲ့ ရေအစက်ချစနစ်နဲ့ စိုက်တာပါ။ တချို့က ကျတော့လည်း ကျွန်တော်တို့ ပထမစိုက်နေကျ ရေသွင်းစနစ်ပေ့ါ။ ရေသွင်းစနစ်ကိုမှ သူတို့က လူနဲ့စိုက်တယ်။ ကျွန်တော်တို့ကတော့ စိုက်စနစ်တွေ ပြောင်းလဲစိုက်တာ ခုနစ်နှစ်လောက်တော့ရှိပြီ"ဟု ဦးကျော်စွာဝင်းက ဆက်လက်ပြောသည်။

"ယခု မူဆယ်ဈေးကွက်နဲ့ မြန်မာပြည် တစ်နံ့တစ်လျားမှာ အကြီးအကျယ်ရောင်းချနေတဲ့ ဖရဲအလုံးကြီးလို့ပြောနေကြတဲ့ ၈၅၅ ခေါ်တဲ့ ဖရဲသီးက မြန်မာ့ဂန္ထဝင်ဖရဲပေ့ါ။ ဒီပြိုင်ပွဲက စိုက်ပျိုးသူတောင်သူအချင်းချင်း စိုက်ပျိုးနည်းပညာ ဖလှယ်နိုင်မယ်။ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို အချင်းချင်း ကူညီဖြေရှင်းပေးခြင်းကနေပြီး ရရှိလာတဲ့ ဗဟုသုတတွေကို ဝေမျှပေးနိုင်မယ်။ အရည်အသွေးမြင့်တဲ့ ဖရဲသီးတွေ ထွက်ရှိလာမယ်။ ဈေးကွက်ပြိုင်ဆိုင်မှုကိုလည်း မြှင့်တင်ပေးနိုင်မယ်" ဟု မြန်မာ့ဂန္ထဝင်ဖရဲသီးပြပွဲပြိုင်ပွဲတွင် စိုက်ပျိုးရေးအကြံပေး ဒေါ်မြင့်မြင့်အေးက ပြောသည်။




အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ငွေသားဆုများ ချီးမြှင့်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖရဲစိုက်တောင်သူ ၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် ဖရဲတန်ချိန်ပေါင်း ရှစ်သိန်းကျော် တင်ပို့နေရပြီး ၂၀၂၁-၂၀၂၂ ခုနှစ်၏ လေးပုံတစ်ပုံသာဖြစ်သည့် ဖရဲတန်ချိန် နှစ်သိန်းဝန်းကျင် တင်ပို့နိုင်ခဲ့ကြောင်း ကုန်သည်များထံမှ သိရှိရသည်။

**အာကာလင်း**

**ဓာတ်ပုံ - တင်စိုး**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၂) ရက်နေ့နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့၌ မွေးဖွားခဲ့သည့် ကလေးငယ်များနှင့် မိခင်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၇**

ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၌ မီးဖွားလူနာ ပြည်သူ ၂၆ ဦးနှင့် တပ်မတော်သားမိသားစုဝင် ၁၄ ဦး စုစုပေါင်း ၄၀ တို့၏ ကလေးငယ်များကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်ဆေးရုံများ၌ မွေးဖွားခဲ့သည့် ကလေးငယ်များနှင့် မိခင်များကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်



ဇေယျာသီရိမြို့နယ် အမှတ်(၂) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ၌ မီးဖွားသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



မကွေးမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ မီးဖွားသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ကလေးငယ်တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းဆိုင်ရာ ပဉ္စမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေဖြင့် မြေယာစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ၊ လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်း ပြုစုခြင်းလုပ်ငန်းများ၊ မြေခွန်စည်းကြပ်ခြင်း လုပ်ငန်းများ၊ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်ကန်တိကျသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ် အနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များ နှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရေး၊ မှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်ကြစေ လိုကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံ၌ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းလုပ်ငန်းကို လုပ်ငန်းဆောင်ရွက်သူက မှတ်ပုံတင်မှုး ရှေ့မှောက်တွင် ကိုယ်တိုင်မြွက်ဟ ကြေညာခြင်း (Declaration) အဆင့်သာ ဆောင်ရွက်နိုင်ပြီး IT စနစ်ဖြင့် Online မှ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်နိုင်ရေးနှင့်အတူ မူပိုင်ခွင့်နှင့် အရည်အသွေးဆိုင်ရာ ပိုင်ဆိုင်ခွင့်ကို ပြည်သူများ တစ်ပါတည်း ရယူခံစားနိုင်ကြစေရေးအတွက် ဆက်လက်အားထုတ် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများ ရရှိရေး ဆောင်ရွက်နေမှု၊ ယခင်က စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းကို ၁၉၀၈ ခုနှစ် အိန္ဒိယ စာချုပ်စာတမ်း ဥပဒေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်ရောက်မှသာ မိမိတို့နိုင်ငံသားများကိုယ်တိုင် ရေးဆွဲပြဋ္ဌာန်းထားရှိသော ၂၀၁၈ ခုနှစ် စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်၍ လုပ်ငန်းများ ချွတ်ချော်တိမ်းစောင်းမှု မဖြစ်ပေါ်စေရေး စီမံဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

ဒေသအသီးသီးတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လုပ်ငန်း တာဝန်များကို ထမ်းဆောင်နေကြသူများအနေဖြင့် ကျင့်သုံးဆဲ စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေနှင့် (Digital Deeds Management System နှင့် Farm Land Digital Management System) လုပ်ငန်းရပ်များကို ပိုမိုသိရှိနားလည်ကြပြီး ကျွမ်းကျင်မှု မြင့်မားစွာ ဆောင်ရွက်နိုင်ကြစေရန် အလုပ်ရုံဆွေးနွေးပွဲများ ခေါ်ယူ၍ လုပ်ငန်းများ တင်ပြဆွေးနွေးခြင်း၊ ဒေသအလိုက် အတွေ့အကြုံများ အခက်အခဲများနှင့် လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေး ဖော်ထုတ်ကာ ညှိနှိုင်းပေါင်းစပ် ဖြေရှင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲမှာ ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများ၌ အများပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြပြီး အထူးစည်ကားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ စိန်ရတု လွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုလျက်ရှိကြသဖြင့် အထူးစည်ကားလျက်ရှိသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ လှည့်လည်ကြည့်ရှု အားပေးစဉ်။

### ဂုဏ်ပြုယာဉ်များ

ပြပွဲများသို့ လာရောက်ကြည့်ရှုလေ့လာကြသည့် အများပြည်သူများကို သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် ဝန်ကြီးဌာနများအလိုက် ဂုဏ်ပြုယာဉ်များမှ တာဝန်ရှိသူများက ယာဉ်ပေါ်၌ ပြသထားသည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ အထင်ကရနေရာများ၊ ထင်ပေါ်ကျော်ကြားသည့် ခေါင်းဆောင်များ၏ ရုပ်တုများ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို နွေးထွေးပျူငှာစွာ လိုက်လံရှင်းလင်းပြသပေးကြရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ကျောင်းသား လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် ပြခန်းများ

ထို့ပြင် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြခန်းများနှင့် ဝန်ကြီးဌာနများအလိုက် ပြခန်းများမှ တာဝန်ရှိသူများကလည်း ပြခန်းတွင် ပြသထားသည့် တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ အပန်းဖြေလည်ပတ်နိုင်သည့် အထင်ကရနေရာများ၊ ဒေသထုတ်ကုန်များ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ၊ ပြည်သူများကို ဝန်ဆောင်မှုများပေးလျက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို လိုက်လံရှင်းလင်းပြသပေးကြရာ ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

### အတူတကွ ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲ

အဆိုပါ ပြခန်းများတွင် အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ၊ ရိုးရာအကအလှများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကြီးများရှေ့နှင့် ပြခန်းများရှေ့၌ ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် ပြပွဲသို့ လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ဂုဏ်ယူစွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသူအများအပြားကိုလည်း တွေ့ရသည်။

### တိုင်းရင်းသားရိုးရာထုတ်ကုန်နှင့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ပစ္စည်းပြတ်လပ်သည်အထိ ရောင်းချရလျက်ရှိ

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ပြည်သူများ စိတ်ဝင်တစားဖြင့် စားသောက်သူများ၊ ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဝန်ကြီးဌာနများမှ ထွက်ကုန်ထုတ်ကုန် ပစ္စည်းများပြခန်းပေါင်း ၄၀၊ တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအသောက်ပြခန်းပေါင်း ၁၅ ခန်း၊ စုစုပေါင်း ၅၅ ခန်းဖြင့်ဖွင့်လှစ်၍ နေ့စဉ် ရောင်းချပေးလျက်ရှိရာ တစ်ရက်လျှင်ပျမ်းမျှ တိုင်းရင်းသားရိုးရာဒေသထွက် အစားအစာ စုစုပေါင်း သိန်း ၅၀၀ ကျော်ခန့်၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများ စုစုပေါင်း သိန်း ၁၀၀ ကျော်ခန့်အထိ ပစ္စည်းများပြတ်လပ်သည်အထိရောင်းချရလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥတ္တရခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ရန်ပုံငွေအရောင်းဆိုင်များကလည်း စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းနှင့် ချိုသာစွာရောင်းချပေးလျက်ရှိရာ စိတ်ဝင်တစားဝယ်ယူကြသူများ များပြားလျက်ရှိသည်။

### ဖျော်ဖြေရေးအစီအစဉ်များ၌လည်း တစ်ခဲနက်ပါဝင်ဆင်နွှဲလျက်ရှိ

ထို့ပြင် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ စိတ်ဝင်တစားဖြစ်စေရန်အတွက်လည်း ပြခန်းများတွင် ရင်ခုန်စိတ်လှုပ်ရှားစရာ ကံစမ်းမဲအစီအစဉ်များ၊ ပဟေဠိဖြေကြားသည့်အစီအစဉ်များ၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်းအစီအစဉ်များနှင့် လက်ပန်းချီရေးဆွဲပေးခြင်းအစီအစဉ်ကောင်းများကိုလည်း ထည့်သွင်းထားသည်ကို တွေ့မြင်ရသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက တိုင်းကျိုးပြည်ပြုတေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ လမ်းမကြီးများ၊ အဝိုင်းများတွင်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလံ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအလံများကို ဂုဏ်ပြုစိုက်ထူထားပြီး ညပိုင်းတွင်လည်း ရောင်စုံမီးအလှအပများဖြင့် လှပစွာဂုဏ်ပြုထားရှိကြောင်း တွေ့ရှိရသည်။

### အရေးပေါ်အခြေအနေများနှင့် လုံခြုံရေးအတွက် အပြည့်အဝ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိ

အဆိုပါဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများသို့ လာရောက်ကြည့်ရှုသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် တပ်မတော်နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း လုံခြုံရေးအပြည့်အဝ ပေးထားသည့်အပြင် ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျန်းမာရေး စောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နေပြည်တော်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဆေးအဖွဲ့မှ ဆေးခန်းဖွင့်လှစ်ထားရှိသည်ကို တွေ့ရသည်။

ထို့ပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လာရောက်လေ့လာကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူ၊ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့် လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

### မိဘပြည်သူများ (အခမဲ့) လာရောက်လေ့လာကြည့်ရှုအားပေးနိုင်

အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ စုစုပေါင်းပြခန်း ၅၅ ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ် ၂၆ စီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ် ၁၅ စီး၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် တစ်စီး၊ ပြည်ထောင်စု နောက်ပိတ် ဂုဏ်ပြုယာဉ် တစ်စီးနှင့် တပ်မတော်ကိုယ်စားပြု ဂုဏ်ပြုယာဉ် ငါးစီး စုစုပေါင်း ဂုဏ်ပြုယာဉ် ၄၈ စီးတို့ကို ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသားရိုးရာ အစားအစာပြခန်း ၁၅ ခန်းတို့မှ အစားအစာရောင်းချခြင်းတို့ကို ဇန်နဝါရီ ၄ ရက်မှ စတင်၍ ဇန်နဝါရီ ၈ ရက်အထိ ခင်းကျင်းပြသပေးသွားမည်ဖြစ်၍ မိဘပြည်သူများ (အခမဲ့) လာရောက်လေ့လာ ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ လေ့လာကြည့်ရှုစဉ်။




(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ဂုဏ်ပြုယာဉ်များကို ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားစွာ တွေ့ရစဉ်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၂၃)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံး စိတ်ဝမ်း အေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် ၁/၂၀၂၃ ဖြင့် အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၇၀၁၂ ဦးတို့ကို ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုခြင်းနှင့် အမိန့်အမှတ် ၂/၂၀၂၃ ဖြင့် ၄-၁-၂၀၂၃ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေ ပုဒ်မ ၁၉ (စ) အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက် (ယာယီ ပြင်ဆင်ချက်) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ် လက်နက် အမိန့်အရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများအား ကျခံနေရသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းတို့ ပေးခဲ့ပါသည်။

ဤကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လူသားချင်းစာနာထောက်ထားမှုဖြင့် ဆောင်ရွက်ပေးမှုသည် လျော်ကန်သင့်မြတ်သော လုပ်ဆောင်ချက်များ ဖြစ်ပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအနေဖြင့် သက်ဆိုင်ရာ မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ကြမည်မှာ အသေအချာပင်ဖြစ်ပါသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူများသည် နိုင်ငံတော်၏ မေတ္တာ၊ စေတနာကို အလေးထားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်

## ပြခန်းတွေစုံတော့ လာရောက်လည်ပတ်သူတွေအတွက် အသိပညာ ဗဟုသုတတွေ ရပါတယ်။
## တိုင်းရင်းသားရိုးရာအစားအစာနဲ့ ထုတ်ကုန်ပစ္စည်းတွေကို လာရောက်လည်ပတ်ကြသူတွေ အကြိုက်တွေ့မှာပါ

ဒေါ်ဌေးဌေးရီ

(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့တွင် ပါဝင်ပြသခဲ့ကြသည့် ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စတုတ္ထနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိသည်။ အဆိုပါပွဲတော်၌ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်များနှင့်ပြခန်းမှ တာဝန်ရှိသူများနှင့် လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို အများပြည်သူများသိရှိနိုင်ရန် ရေးသားဖော်ပြ လိုက်ရပါသည်။



ဦးမောင်ကြီး



ဦးခင်ဇော်



ဦးအောင်မင်း



ဦးခင်မောင်ထွေး



ဒေါ်ဌေးဌေးရီ

**ဦးမောင်ကြီး (စီးပွားရေးရာဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး)**

ကျွန်တော်တို့ တိုင်းဒေသကြီးက ရေထွက်ကုန်ပစ္စည်းတွေနဲ့ ရေသယံဇာတပစ္စည်း ထုတ်ကုန်တွေကို ပြည်ပကိုတင်ပို့ဖို့ တိုင်းပြည်ရဲ့ နိုင်ငံခြားဝင်ငွေကို တစ်ဖက်တစ်လမ်းက ရှာပေးနေတဲ့ တိုင်းဒေသကြီး ဖြစ်ပါတယ်။ ဒီပြခန်းမှာ သန္တာကျောက်တန်းတွေမှာပဲ တွေ့ရတဲ့ ရှားပါးပြီး အဖိုးတန်တဲ့ပစ္စည်းတွေ၊ ဇီဝဗိုးငှက်သိုက်တွေ အကြောင်းသိကောင်းစရာတွေ၊ ကန့်ဆော်ပင်၊ ကန့်ဆော်ဆီကို ပြသထားပါတယ်။

မြိတ်ဒေသထုတ်ကုန်ဖြစ်တဲ့ အော်ဂဲနစ်အုန်းပျိုဆီကို Premium Grade နဲ့ ထုတ်လုပ်ပုံအဆင့်ဆင့်၊ တိုင်းဒေသကြီးမှာ အောင်မြင်ဖြစ်ထွန်းနေတဲ့ ပုစွန်ဖြူမွေးမြူခြင်း၊ နိုင်ငံ့စီးပွား မြှင့်တင်ရေး ရေလုပ်ငန်းထုတ်ကုန်တွေ၊ ရေငုပ်ကြေးခေါင်း၊ မြန်မာ့တောင်ပင်လယ်ပုလဲထုတ်လုပ်မှုပြကွက်တွေကို ပြသထားပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ သယံဇာတကို ဘယ်လိုထိန်းသိမ်းရမလဲဆိုတာ ဒီပြခန်းကို လာရောက်လေ့လာရင် သိနိုင်ပါတယ်။ ကျွန်တော်တို့တိုင်းဒေသကြီးရဲ့ ပြခန်းကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်ဇော် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

ဒီနှစ် လွတ်လပ်ရေးနေ့က စိန်ရတုနှစ်နဲ့ တိုက်ဆိုင်တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြခန်းကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကြီးစတင်ဖြစ်ပေါ်လာတဲ့ အနေအထား၊ ဘာသာ သာသနာ ထွန်းကားလာမှု၊ ရေပေးဝေရေး တိုးတက်လာမှုတွေကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသထားပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက နေပြည်တော်အတွင်းမှာရှိတဲ့ မြို့နယ်တွေကို စိုက်ပျိုးဖို့နဲ့ သောက်သုံးဖို့ ငလိုက်ရေလှောင်တမံရဲ့ ရေပေးဝေမှုစနစ်နဲ့ ပေးဝေတဲ့အခါမှာ ရေအသုံးချသူများ အသင်းအဖွဲ့တွေက ဘယ်လိုမျိုး လုပ်ဆောင်နေတယ်ဆိုတာကို ပြသထားပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကထုတ်လုပ်တဲ့ ကာကွယ်ဆေးတွေ၊ နေပြည်တော်ကောင်စီအတွင်း မွေးမြူရေးလုပ်ငန်းတွေ ဘယ်လောက်ထိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားသလဲဆိုတာကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသထားပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက တစ်နှစ်ကို သုံးသီးစိုက်ပျိုးနိုင်အောင် GAP ကို ဘယ်လိုတွေ စီမံဆောင်ရွက်ထားတယ် ဆိုတာကိုလည်း ပြသထားပါတယ်။ ရေအသုံးချမှု၊ မြေအသုံးချမှု၊ မြေဆီလွှာအခြေအနေအရ လိုက်ဖက်တဲ့ သီးနှံတွေကို ဘယ်လိုစိုက်ပျိုးရမယ်ဆိုတာကို စိတ်ဝင်စားဖွယ် ဗဟုသုတဖြစ်အောင် ပြသထားပါတယ်။

**ဦးအောင်မင်း (ဒုတိယညွှန်ကြားရေးမှူး၊ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**

ကျွန်တော်တို့ ပြခန်းမှာဆိုရင် သတ္တုရေးရာပြကွက်နဲ့ သစ်တောရေးရာပြကွက် အပြင် ခါကာဘိုရာဇီ ရေခဲတောင်ကနေ ရေခဲတွေပျော်ကြပြီး စီးဆင်းနေတဲ့ ချောင်းငယ်ပုံစံ ရေတံခွန်ပုံစံငယ်နဲ့ ပင်လယ်ကမ်းစပ်မှာရှိတဲ့ ဒီရေတောတွေကိုလည်း ပြသထားပါတယ်။ သတ္တုရေးရာပြကွက်မှာဆိုရင် သတ္တုရေးရာဥပဒေနဲ့ နည်းဥပဒေတွေ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲနဲ့ စက်မှုတွင်းထွက်ပစ္စည်းတွေကို ကိုင်တွယ်တဲ့ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းရဲ့ စကျင်ကျောက်၊ ဂေါ်ရန်ကျောက်တို့ကို ကုန်ချောအဖြစ် ထုတ်လုပ်ထားတဲ့ ပစ္စည်းတွေကိုလည်း ပြသထားပါတယ်။ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်တဲ့ ကြယ်လိပ်အစစ် အရှင်တွေကိုလည်း ပြသထားပါတယ်။ ရေဆင်းမှာရှိတဲ့ သစ်တောနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ပုံစံငယ်၊ မြန်မာ့သစ်လုပ်ငန်းက သစ်ထုတ်လုပ်ရေးဌာနရဲ့ သစ်ဆိပ်ပုံစံငယ်နဲ့ ခဲမဖြူ အဖြိုက်နက်သတ္တု သန့်စင်ထုတ်လုပ်မှုလုပ်ငန်း ပုံစံငယ်တွေကိုလည်း ပြသထားပါတယ်။ ပြခန်းကို လာရောက်လေ့လာမယ်ဆိုရင် ကျွန်တော်တို့ဝန်ကြီးဌာနမှာရှိတဲ့ ဦးစီးဌာနတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို သိရှိနားလည်သွားမှာပါ။

**ဦးခင်မောင်ထွေး (ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

ပဲခူးတိုင်းဒေသကြီးရဲ့ ဂုဏ်ပြုယာဉ် ဦးခေါင်းပိုင်းမြေပုံမှာ အသစ်တိုးချဲ့ဖွဲ့စည်းထားတဲ့ ခရိုင်နှစ်ခုကို ပြန်လည်ပြင်ဆင်ပြသထားပါတယ်။ တိုင်းဒေသကြီးရဲ့ အမှတ်အသားတစ်ခုဖြစ်တဲ့ ဟင်္သာအဖိုနဲ့ အမ တောင်ပံဖြန့်ပြီး ပျံသန်းနေပုံကိုလည်း ထည့်သွင်းပြသထားပါတယ်။ သစ်တုံးကို ဆင်ဆွဲတဲ့ပြကွက်ဆိုရင်လည်း အလှုပ်ကို ပြသထားတဲ့အတွက် ပဲခူးရိုးမကြီးကနေ သစ်တောဝန်ထမ်းတွေရဲ့ သစ်ထုတ်လုပ်နေမှုကို သရုပ်ပေါ်လွင်အောင် ပြသထားပါတယ်။ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုယာဉ် ဖျော်ဖြေမှုမှာ ပဲခူးတိုင်းဒေသကြီးအနေနဲ့ ဒုတိယဆုကို ထိုက်ထိုက်တန်တန်ရရှိတဲ့အတွက် တိုင်းဒေသကြီးကိုယ်စား ဂုဏ်ယူဝမ်းမြောက်သလို ဝန်ကြီးချုပ်ကြီးအတွက်လည်း ဝမ်းသာမိပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်ဌေးဌေးရီ (ပုသိမ်မြို့၊ ပြပွဲသို့ လာရောက်လည်ပတ်သူ)**

ကျွန်မ ဒီပြပွဲကို မရောက်ဖူးလို့ လာရောက်လေ့လာတာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးပြခန်း၊ စစ်ကိုင်းတိုင်းဒေသကြီးပြခန်း၊ မန္တလေးတိုင်းဒေသကြီးပြခန်းနဲ့ ရန်ကုန်တိုင်းဒေသကြီးက ပြခန်းတွေကိုလည်း သွားရောက်လေ့လာခဲ့ပါတယ်။ ပြခန်းတွေစုံတော့ လာရောက်လည်ပတ်သူတွေအတွက် အသိပညာ ဗဟုသုတတွေလည်းရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အထင်ကရနေရာတွေ၊ တန်ခိုးကြီးဘုရားတွေကို တစ်နေရာတည်းတွေ့ရတော့ ဝမ်းသာမိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းမှာဆိုရင်လည်း တိုင်းဒေသကြီးထွက်ထုတ်ကုန်ပစ္စည်းတွေနဲ့ စားသောက်ကုန်ပစ္စည်းတွေကို လာရောက်လည်ပတ်ကြတဲ့သူတွေ အကြိုက်တွေ့စေမှာပါ။ အခုပြပွဲကို ကျင်းပပေးတဲ့ တာဝန်ရှိတဲ့သူတွေကို ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ကိုကိုအေး**

■ *ကျောဖုံးမှ*

မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီ နှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။ အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၅ လခွဲသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၁ လက်မ ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၉ လက်မ၊ ကိုယ်အလေးချိန် ၃၄၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## သန့်ရှင်းသာယာသောမြို့/ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၇**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နှင့် တန့်ယန်းမြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့ အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ စျေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များစုစည်း၍ မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး မဟာအောင်မြေမြို့နယ် ၃၅ လမ်းမှ ၃၈ လမ်းအထိ ၈၉ လမ်းနှင့် ၉၀ လမ်းကြား သင်္ဂဇာချောင်းအရှေ့ဘက်တစ်လျှောက်တို့တွင် အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာကို ၁၀၀ ကျပ်ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





မိုင်းခတ်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ကမင်္ဘာန်းကျောင်းလမ်းဘေး၌ သန့်ရှင်းရေးမဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီးပုံ။

## မိုးယွန်းကြီးအင်းဘေးမဲ့တော အပန်းဖြေစခန်းသို့ နေ့စဉ်ခရီးသွား အပန်းဖြေလာရောက်သူ ၁၅၀ ခန့်ရှိ

**ရန်ကုန် ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်း ဘေးမဲ့တော အပန်းဖြေစခန်း၌ ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီတွင် ငှက်ကြည့်ဝါသနာရှင်များ၊ လေ့လာသူများနှင့် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တော အပန်းဖြေစခန်းသို့ ဆောင်းရာသီခရီးသွားကာလတွင် နေ့စဉ်ခရီးသွား အပန်းဖြေလာရောက်လေ့လာသူ ၁၀၀ မှ ၁၅၀ ခန့်ရှိပြီး စနေ၊ တနင်္ဂနွေနေ့များ၌ ခရီးသွား ၃၀၀ ခန့် ဝင်ရောက်လျက်ရှိသည်။ နှစ်သစ်ကူးနေ့နှင့် လွတ်လပ်ရေးနေ့တို့တွင် ခရီးသွား ၆၀၀ ကျော် ဝင်ရောက် အပန်းဖြေခဲ့ပြီး အေးချမ်းသော နေထွက်ချိန်သဘာဝအလှနှင့် နံနက်ခင်းဆောင်းခိုငှက်တို့ အစာရှာချိန်တို့တွင် အပန်းဖြေသူနှင့် ငှက်ကြည့်ဝါသနာရှင်တို့ဖြင့် အထူးစည်ကားခဲ့သည်။

"ဆောင်းခိုငှက် ဝင်ရောက်ချိန်ဖြစ်ပြီး ခရီးသွားရာသီဖြစ်တဲ့အတွက် မိုးယွန်းကြီးအင်း ဘေးမဲ့တောကို အပန်းဖြေလာရောက်တာ များပါတယ်။ ခရီးသွားတွေ အပန်းဖြေငှက်ကြည့်နိုင်ဖို့အတွက် အင်းထဲမှာစက်လှေတွေ စီစဉ်ပေးထားပါတယ်။ ပြည်တွင်း/ပြည်ပ ခရီးသွားတွေ ငှက်ကြည့်ရာမှာ အဆင်ပြေပြေ လေ့လာနိုင်ဖို့အတွက် Guide တွေလည်း ထားရှိပါတယ်။ ပြီးတော့ အင်းထဲမှာ ငှက်ကြည့်ရင်း ဘုရားလည်းဖူးနိုင်ပါတယ်။ စိတ်ကြည်နူးမှုရရှိအောင် ကြာပင်တွေနဲ့ စိမ်းစိုအပင်တွေ စိုက်ပျိုးထားပြီး အပန်းဖြေတဲ့အခါမှာလည်း ဘန်ဂလိုမှာ တည်းခိုတာထက်သဘာဝအတိုင်း တည်းခို အပန်းဖြေနိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။ နှစ်သစ်ကူးနဲ့ လွတ်လပ်ရေးနေ့မှာ အပန်းဖြေခရီးသွား ဝင်ရောက်ခဲ့တာကြောင့် လာမယ့်ပြည်ထောင်စုနေ့မှာလည်း ခရီးသွားဝင်ရောက်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု မိုးယွန်းကြီးအင်း ဘေးမဲ့တော အပန်းဖြေစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် ဧက ၂၅၆၀၀ ကျယ်ဝန်းပြီး မြန်မာနိုင်ငံတွင် ပထမဆုံး ရေဝပ်ဒေသ (Ramsar Site) အဖြစ် ၂၀၀၅ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များဝင်ရောက်ရာ အရှေ့အာရှ-ဩစတြေးလျ ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်း Flyway Network Site ပေါ်တွင် တည်ရှိသောကြောင့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိခဲ့သည်။ ဌာနေငှက်များနှင့် ဆောင်းခိုငှက်များ ကျက်စားရာနေရာဖြစ်၍ ကမ္ဘာတွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသော ရေပျော်ငှက်များ ထိန်းသိမ်းကာကွယ်ရာ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောလည်းဖြစ်သည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း ၆၉ မိုင်ခန့်အကွာ ပျဉ်ပုံကြီးရွာအလွန်တွင် တည်ရှိပြီး ကားလမ်းမှ အတွင်းသို့ ၆ ဖာလုံခန့် ဝင်ရောက်၍ ခရီးသွားများ လာရောက် အပန်းဖြေလျက်ရှိသည်။ ဆောင်းရာသီတွင် သဘာဝအလှတို့နှင့်အတူ ဆောင်းခိုငှက်များဖြင့် အလှချင်းပြိုင်လျက်ရှိသော မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ခရစ္စမတ်နေ့နှင့် လွတ်လပ်ရေးနေ့တို့တွင် ခရီးသွားများနှင့် အပန်းဖြေသူများ တစ်ဖွဲ့ဖွဲ့ဝင်ရောက်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ခရီးသွားရာသီတွင် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ဆောင်းအေးခာတ်နှင့်အတူ အပန်းဖြေသူများ၊ ငှက်ကြည့်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# တိုင်းရင်းသားအားလုံး စုစည်းချစ်ကြည်ညီညွတ်မှုနဲ့ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ပါစေဆိုတဲ့ အဓိပ္ပာယ်ကိုဖော်ဆောင်တဲ့ ပြခန်းပြကွက်တွေကို စုစည်းပြီးတော့ ပြသထားပါတယ် ဦးရဲမင်းအောင်(ညွှန်ကြားရေးမှူး)

*တွေ့ဆုံမေးမြန်း - ဟိန်းထက်ဇော်၊ ဇင်ဦး၊ ဓာတ်ပုံ - ဇော်ဦး*

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ပြခန်းများအား ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်ပြသလျက်ရှိရာ ဌာနအလိုက်ပြခန်းများ ပြသထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြခန်းများမှ တာဝန်ရှိသူများ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။**



ဒေါ်နွယ်နီ

**ဒေါ်နွယ်နီ**
**ညွှန်ကြားရေးမှူးချုပ်**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ပြခန်းမှာ အဓိက လေးကွက်ပါတယ်။ လူ့စွမ်းအား အရင်းအမြစ်၊ သုတေသနနယ်ပယ်က လုပ်ငန်း ပြကွက်၊ နည်းပညာလွှဲပြောင်းမှုဆိုင်ရာ ပြကွက်နဲ့ ဝန်ဆောင်မှုဆိုင်ရာ ပြကွက်လေးကွက်ကို အဓိက ထား ပြသထားပါတယ်။ သိပ္ပံနဲ့နည်းပညာမှာ အဓိက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရစက်မှုလက်မှု အထက်တန်းကျောင်းတွေ၊ အစိုးရနည်းပညာကောလိပ်သိပ္ပံတွေ၊ နည်းပညာ တက္ကသိုလ်တွေ၊ ကွန်ပျူတာတက္ကသိုလ်တွေ ရှိပါတယ်။ အဲဒီနေရာတွေမှာ တကယ့်လက်တွေ့ သင်ကြားပုံသင်ကြားနည်းစနစ်တွေကို ကျောင်းသား ကျောင်းသူတွေက အဓိကစိတ်ဝင်တစား လေ့လာကြပါတယ်။ ဒီမှာဆိုရင် Electric Tringle နဲ့ ပတ်သက်ပြီးတော့ ပြသထားတာ၊ ဝရိန်နဲ့ပတ်သက်ပြီး သရုပ်ပြသတာ၊ ရေသန့်စနစ် သရုပ်ဖော်ပြသထားတာတွေ ရှိပါတယ်။ ပညာရေးနဲ့ ပတ်သက်ပြီးတော့ Learning Management System သင်ကြားသင်ယူမှု ပြောင်းလဲမှုပုံစံသစ်တွေကိုလည်း ပြသထားတာ ရှိပါတယ်။ Kg + 12 သင်ကြား သင်ယူမှုပုံစံကို အခြေခံတဲ့ IT Pay System နဲ့ ဆောင်ရွက်ထားတာရှိပါတယ်။ အဲဒီမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အလိုက် သင်ရိုးညွှန်းတမ်းပုံစံတွေ၊ အမေးအဖြေပုံစံလေးတွေကိုလည်း Program တွေ ရေးပြီးဆောင်ရွက်ထားတာဖြစ်တဲ့အတွက် အဲဒီမှာလည်း ဉာဏ်စမ်းပဟေဠိတွေကို စိတ်ဝင်တစား လာဖြေကြည့်ကြပါတယ်။ သုတေသနလုပ်ငန်းတွေမှာဆိုရင် မြေမဲ့စိုက်ပျိုးနည်းစနစ်တွေ၊ လျှပ်စစ်ယာဉ်တွေမှာ အသုံးပြုတဲ့ပစ္စည်းတွေနဲ့ သုတေသနလုပ်နေတဲ့ စနစ်တွေ၊ နောက်ဇီဝနည်းပညာဘက်က နည်းပညာလွှဲပြောင်းမှုပေးတဲ့ ပုံစံတွေကိုတော့ ကလေးတွေ သာမက အများပြည်သူတွေကလည်း စိတ်ဝင်စားကြပါတယ်။

နောက်ထပ်တစ်ခုကလည်း ဝန်ကြီးဌာနရဲ့ လုပ်ဆောင်မှုတွေအတွက် Science Technology Innovation Plan မဟာဗျူဟာစီမံကိန်းတစ်ခုကိုလည်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ စတင်မိတ်ဆက်လိုက်ပါတယ်။ ဒီမဟာဗျူဟာစီမံကိန်း အတိုင်းပဲ ဝန်ကြီးဌာနအောက်က ဦးစီးဌာနအလိုက် ဆောင်ရွက်ထားမှုတွေကိုလည်း ဒီပြခန်းမှာ ပြသထားရှိပါတယ်။

စိန်ရတုလွတ်လပ်ရေးနေ့ပြခန်းပြသတဲ့ အချိန်မှာ အားလုံးအတွက်သိနိုင်တဲ့ ဗဟုသုတတွေကို ပြသတာဖြစ်သလို ဝန်ကြီးဌာနအလိုက် အများပြည်သူ သိသင့်သိထိုက်တဲ့ လုပ်ငန်းတွေကို ပြသတဲ့ ပြခန်းတွေဖြစ်တဲ့အတွက် အလွန်ကောင်းမွန်ပါတယ်။ နောက်ထပ်လုပ်ဆောင်မယ့် ပြခန်းတွေမှာလည်း အဓိက ကျောင်းသား ကျောင်းသူ၊ ပြည်သူလူထုတွေ၊ ဝန်ထမ်းတွေကအစ ထူးခြားတဲ့လုပ်ဆောင်မှုလေးတွေ၊ နည်းပညာဖြန့်ဝေပေးတဲ့ လုပ်ငန်းတွေကို ဖော်ထုတ်ပြီးတော့ ပြသစေလိုပါတယ်။



ဒေါက်တာ သန်းနိုင်စိုး

**ဒေါက်တာသန်းနိုင်စိုး(ညွှန်ကြားရေးမှူး)**
**ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြု ကျန်းမာရေးဝန်ကြီးဌာန ပြခန်းမှာတော့ ဝန်ကြီးရုံးနဲ့ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ဌာနခြောက်ခုရဲ့လုပ်ငန်းဆောင်ရွက်မှုတွေကို အများပြည်သူ သိရှိအောင် ပြသထားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတဲ့အချိန်ကနေစပြီး ကျန်းမာရေးဝန်ကြီးဌာန ပေါ်ပေါက်လာပုံ သမိုင်းကြောင်းကို တင်ပြထားပါတယ်။ နောက်ပြီးတော့ ခေတ်အဆက်ဆက် သတင်းများထဲက ကျန်းမာရေးဝန်ကြီးဌာနဆိုပြီးတော့ သတင်းစာထဲမှာ ပါခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေကို ပြသထားပါတယ်။ နောက်ပြီးတော့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ကိုယ်ဝန်ဆောင်တဲ့ အချိန်ကနေစပြီး ကလေးသူငယ်ဘဝ၊ ကျောင်းနေအရွယ်၊ ဆယ်ကျော်သက်အရွယ်၊ အလုပ်လုပ်တဲ့ အရွယ်ကနေ အသက်အရွယ်ကြီးရင့်လာတဲ့အထိ ဘဝတစ်သက်တာ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ပုံစံတွေကို အများပြည်သူသိရှိအောင် ပြသထားပါတယ်။ ပြခန်းမှာ အသက် ၄၀ နဲ့အထက် အသက်အရွယ်ရှိသူအားလုံးကို ဆီးချိုစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ နှလုံးသွေးကြောရောဂါဖြစ်ပွားနိုင်ခြေ ဆန်းစစ်ပေးခြင်း၊ ကိုယ်အလေးချိန် BMI တိုင်းတာခြင်းတွေကို တစ်ခါတည်း ဆောင်ရွက်ပေးနေပါတယ်။ ကုသရေးဦးစီးဌာနအနေနဲ့ကတော့ ဌာနအောက်မှာရှိတဲ့ ဆေးရုံတွေ၊ လုပ်ငန်းတွေ၊ ပြည်သူ့ဆေးရုံတွေမှာ ပြည်သူများသို့ အသိပေးချက်၊ ပြည်သူတွေကို ၂၄ နာရီ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးနေတယ်။ ပြည်သူများအနေနဲ့ ပြည်သူ့ဆေးရုံတွေမှာ လာရောက်ဆေးကုကြဖို့ တိုက်တွန်းပါတယ်ဆိုတာ အသိပေးပြသထားပါတယ်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနကတော့ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်တွေ မွေးထုတ်ပေးနေတဲ့အခြေအနေတွေကို တင်ပြထားပါတယ်။ ဒါပြီးရင် ဆေးသုတေသနဦးစီးဌာန သမိုင်းကြောင်းနဲ့ ထွက်ရှိတဲ့ စာအုပ်စာတမ်းတွေ၊ ကိုဗစ်-၁၉ မျိုးဗီဇစစ်ဆေးနိုင်တဲ့ စက်ကိရိယာတွေကို နမူနာပြသထားပါတယ်။ နောက်တစ်ခုက တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းမှာ မြန်မာ့တိုင်းရင်းဆေးပင်တွေ၊ မြန်မာ့တိုင်းရင်း ဆေးခါးကြီးနဲ့ ကိုဗစ်- ၁၉ နဲ့တုပ်ကွေးရောဂါကုသဆေး သုတေသနအောင်မြင်မှုကနေ ဆက်လက်ဆေးဝါးထုတ်လုပ်မယ့်အစီအစဉ်တွေကို အသိပေးတင်ပြထားပါတယ်။ နောက်တစ်ခုကတော့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနဲ့ ပြည်သူတွေ နေ့စဉ်စားသောက်နေရတဲ့ အစားအသောက်တွေကို ဘေးကင်းလုံခြုံမှုရှိအောင် စစ်ဆေးဆောင်ရွက်မှုအခြေအနေတွေကို ခင်းကျင်းပြသထားတဲ့အတွက် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။



ဦးရဲမင်းအောင်

**ဦးရဲမင်းအောင်(ညွှန်ကြားရေးမှူး)**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**
**တိုင်းရင်းသားအခွင့်အရေးများ**
**ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဝန်ကြီးဌာနကိုယ်စားပြုပြခန်းမှာ အဓိကပြကွက် လေးကွက်ခွဲပြီး ပြသထားပါတယ်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့ရဲ့ ဝတ်စားဆင်ယင်မှုပြကွက်၊ တိုင်းရင်းသားရိုးရာ တူရိယာပစ္စည်းတွေ၊ တိုင်းရင်းသားတွေရဲ့ ရိုးရာပွဲတော်တွေနဲ့ ရိုးရာဓလေ့တွေ၊ တိုင်းရင်းသားအစားအစာတွေ၊ ဝန်ကြီးဌာနရဲ့ ဝန်ကြီးဌာန မျှော်မှန်းချက်၊ ရည်မှန်းချက်တွေနဲ့ တိုင်းရင်းသားရိုးရာ ပုံပြင်စာအုပ်တွေအပြင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေကို တိုင်းရင်းသားဘာသာစကားပေါင်းစုံနဲ့ ထုတ်ဝေထားတာတွေ၊ တိုင်းရင်းသားရိုးရာအကအလှတွေကို ပြသထားပါတယ်။ ကျွန်တော်တို့ ပြခန်းမှာတော့ တိုင်းရင်းသားအားလုံး စုစည်းချစ်ကြည်ညီညွတ်မှုနဲ့ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ပါစေဆိုတဲ့ အဓိပ္ပာယ်ကိုဖော်ဆောင်တဲ့ ပြခန်းပြကွက်တွေကို စုစည်းပြီးတော့ ပြသထားပါတယ်။ ဒီပြခန်းအပြင် ဝန်ကြီးဌာနကိုယ်စားပြု အလှပြယာဉ်နဲ့လည်း ပါဝင်ဆင်နွှဲသလို နေ့စဉ်ဖျော်ဖြေတဲ့ပွဲတွေမှာလည်း ပြခန်းရှေ့မှာ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုဌာနက အဖွဲ့တွေနဲ့ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့တွေကလည်း စုပေါင်းတိုင်းရင်းသားအက၊ ရိုးရာတေးသီးချင်းတွေကိုလည်း ဖျော်ဖြေတင်ဆက်ကပြကြပါတယ်။ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းမှာ မတူကွဲပြားတဲ့ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့တွေကို တစ်စုတစ်စည်းတည်း လေ့လာခွင့်ရတဲ့အတွက် တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုဓလေ့တွေကို အပြန်အလှန် သိရှိနိုင်ပြီး ငြိမ်းချမ်းသာယာတဲ့ နိုင်ငံတော်ကြီးတည်ဆောက်ရေး အတွက် တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။



ဦးအောင်နိုင်မိုး

**ဦးအောင်နိုင်မိုး (ဒုတိယညွှန်ကြားရေးမှူး)**
**မွန်ပြည်နယ် ရှေးဟောင်းသုတေသနဌာနနှင့်**
**အမျိုးသားပြတိုက်ဦးစီးဌာန**

မွန်ပြည်နယ် ယဉ်ကျေးမှုပြခန်းအခင်းအကျင်း အတွင်းရေးမှူးတာဝန်နဲ့ ရှေးဟောင်းသုတေသနဌာနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ယဉ်ကျေးမှုပြခန်းကိုလည်း တာဝန်ယူပြသပါတယ်။ ကျွန်တော်တို့ ပြခန်းကို ပြကွက် ၁၀ ခုနဲ့ ပြသထားပါတယ်။ သမိုင်းထဲက မွန်ပြည်နယ်ဆိုတဲ့ပြကွက်ကို တာဝန်ယူပြသပါတယ်။ ဟိုတယ်နဲ့ခရီးသွားပြကွက်၊ ဒေသထွက်ကုန်ပြကွက်၊ ရိုးရာယဉ်ကျေးမှုအလှ ရာမညဆိုတဲ့ ရိုးရာပြကွက်၊ ယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းတွေနဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ ရော်ဘာကိုလည်း ပြသထားပါတယ်။ သမိုင်းထဲက မွန်ပြည်နယ် ပြခန်းပြကွက်မှာဆိုရင် မွန်ပြည်နယ်မှာရှိတဲ့ ရှေးဟောင်းမြို့ပေါင်း ၃၀ ကျော်ကနေ ထင်ရှားတဲ့မြို့ သုံးမြို့ကို အဓိကထားပြီး ပြသထားပါတယ်။ သုဝဏ္ဏဘူမိမြို့ဟောင်း သထုံမြို့ရယ်၊ ကျိုက္ကသာမြို့ ၊ ဝါးခရူမြို့တွေကို အများပြည်သူဗဟုသုတရစေဖို့၊ ရှေးဟောင်းသုတေသနဘာသာရပ်ကို လေ့လာလိုက်စားတဲ့ သူတွေ လေ့လာကြည့်ရှုနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ပြသထားပါတယ်။ နောက်ထပ် မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ထင်ရှားတဲ့ စေတီပုထိုးတွေ၊ ရှေးဟောင်းအဆောက်အအုံတွေ၊ ထင်ရှားခဲ့တဲ့ လူပုဂ္ဂိုလ်တွေကိုလည်း ပြသထားပါတယ်။ မွန်ပြည်နယ်အတွင်းမှာ စုဆောင်းရရှိခဲ့တဲ့ ရှေးဟောင်းပစ္စည်းတွေ၊ ရှင်းလင်းချက်တွေကို ဓာတ်ပုံမှတ်တမ်းနဲ့အတူ ပြသထားပါတယ်။ ရိုးရာဟင်္သာမောင်နှံအကနဲ့ တစ်ပင်တိုင်အကတို့ကို ကြည့်ခွင့်ရတဲ့အတွက် နေပြည်တော်မှာ ရောက်ရှိနေစဉ်အတွင်းမှာ ရိုးရာတူရိယာများနဲ့လည်း ရိုးရာကို ဖော်ထုတ်တာလည်းဖြစ်သလို မွန်ရိုးရာ ယဉ်ကျေးမှု အများပြည်သူတွေသိရှိစေဖို့ ရည်ရွယ်ချက်နဲ့ ဖျော်ဖြေမှုတွေ ပြုလုပ်ပေးပါတယ်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပြခန်းပြကွက်တွေ၊ ဂုဏ်ပြုယာဉ်တွေ လာရောက်ပြသပေးတဲ့အတွက် တိုင်းရင်းသားစည်းလုံးခြင်းကို ဖြစ်စေသလို ဗဟုသုတတွေ စုပေါင်းထားတဲ့နေရာဖြစ်တဲ့အတွက် လာရောက်လေ့လာကြပါ။ ဗဟုသုတတွေ အများကြီး ရနိုင်ပါတယ်ဆိုတာ ထပ်လောင်းပြောကြားလိုပါတယ်။

# စကားပြောနေသော အညွှန်းကိန်းများ

အေးမွန် (လေဘာ)

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ယင်းနိုင်ငံ၏ လူ့စွမ်းအား(Human Resources) ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအား ကြည့်ရှုပြီး သိရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး တိုးတက်မှုအခြေအနေကို ယင်းနိုင်ငံ၏ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ (Human Resources Development Indicators–HRDI) အား လေ့လာပြီး တိုးတက်မှု၊ ကျဆင်းမှုများကို သုံးသပ်အကဲဖြတ် သိရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်စေရေး အဓိကဆောင်ရွက်ရန်လိုသဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ဘက်ပေါင်းစုံမှ ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးရန်လိုအပ်သကဲ့သို့ အားပေးကူညီရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

ယခုနှစ် ထုတ်ဝေသည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် (Human Resources Development Indicators–HRDI) တွင် လူဦးရေနှင့်ဆိုင်သော အညွှန်းကိန်းများ၊ ဖွားသေစာရင်းအင်းနှင့်ဆိုင်သော အညွှန်းကိန်းများ၊ ကျန်းမာရေး၊ အာဟာရနှင့်ဆိုင်သော အညွှန်းကိန်းများ၊ ပညာရေးနှင့် လေ့ကျင့်မှုနှင့်ဆိုင်သော အညွှန်းကိန်းများ၊ လုပ်သားအင်အားနှင့်ဆိုင်သော အညွှန်းကိန်းများ၊ စီးပွားရေးနှင့်ဆိုင်သော အညွှန်းကိန်းများ၊ စားသောက်ကုန်ရရှိနိုင်မှုနှင့် မြေယာအသုံးချမှုနှင့်ဆိုင်သော အညွှန်းကိန်းများနှင့် အခြားအညွှန်းကိန်းများစသည်ဖြင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုကို သိရှိနိုင်သောအညွှန်းကိန်း ၆၂ ခုအား ၂၀၁၅–၂၀၁၆ ခုနှစ်မှ ၂၀၂၀–၂၀၂၁ ခုနှစ်ကာလအထိ ခြောက်နှစ်စာ စုစည်းဖော်ပြထားပါသည်။ အညွှန်းကိန်းများကို ဖော်ပြရာတွင် အညွှန်းကိန်းများ သီးသန့်ကိုသာ ဖော်ပြထားခြင်းမဟုတ်ဘဲ အညွှန်းကိန်းများရရှိသည့် အရင်းအမြစ်၊ အညွှန်းကိန်း၏အဓိပ္ပာယ်၊ အညွှန်းကိန်းတွက်ချက်ပုံနည်းလမ်းစသည်ဖြင့် အသုံးပြုသူများအနေဖြင့် ရှင်းလင်းကွဲပြားစွာ အသုံးပြုရန် ဖော်ပြထားကြောင်းကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဤလူ့စွမ်းအား ဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်တွင်ပါရှိသော အညွှန်းကိန်းများသည် ဝန်ကြီးဌာန ၂၁ ခု၏ ဦးစီးဌာန ၄၅ ခု၊ အဖွဲ့အစည်း၊ ကော်မတီ သုံးခုတို့နှင့် သက်ဆိုင်သည့် အညွှန်းကိန်းများ ပါဝင်ပါသည်။



၂၀၂၁ ခုနှစ် ဩဂုတ်လက ထုတ်ဝေသည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်။

**အညွှန်းကိန်းများ စနစ်တကျရရှိစေရေးနှင့် စဉ်ဆက်မပြတ် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ထုတ်ဝေခဲ့သည့်အတွက် ယခုထုတ်ဝေမည့်စာအုပ်သည် ၂၂ ကြိမ်မြောက်အဖြစ် ရောက်ရှိမည်ဖြစ်ပါသည်။ ထူးခြားမှုအနေဖြင့် ၂၀၀၆ ခုနှစ်တွင် ၁၉၉၀-၁၉၉၁ ခုနှစ်မှ ၂၀၀၄-၂၀၀၅ ခုနှစ်ထိ ၁၅ နှစ်တာကာလ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အညွှန်းကိန်းများကို တစ်ပေါင်းတစ်စည်းတည်း စုစည်းဖော်ပြထားသည့် အထူးထုတ် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို ထုတ်ဝေနိုင်ခဲ့**

### နှစ်နှစ်စီမံကိန်း စတင်ဆောင်ရွက်ခဲ့

လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းစာရင်းများကို ပြုစုရာတွင် လွယ်ကူလျင်မြန်စွာ တစ်မုဟုတ်ချင်း စုဆောင်းရရှိခြင်းမဟုတ်ဘဲ အညွှန်းကိန်းစာရင်းများကို ရရှိစေရန်အတွက် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) အထောက်အပံ့ဖြင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများရေးဆွဲ၍ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ဖော်ထုတ်အသုံးပြုရေးစီမံကိန်း (Use of HRDI for the Population and Development Planning Processes) တစ်ခုကို ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ နှစ်နှစ်စီမံကိန်းဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါစီမံကိန်း၏ ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာနိုင်ငံ၌ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အရေးပါသည့် အားထားအသုံးပြုနိုင်သော လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းစနစ်တစ်ရပ် ပီပီပြင်ပြင်ပေါ်ပေါက်လာနိုင်ရန်နှင့် ယင်းစနစ်ကို အရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားနိုင်ရန်၊

(ခ) မူဝါဒရေးရာချမှတ်သူများနှင့် စီမံကိန်းရေးဆွဲသူများသည် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး တိုးတက်ဖြစ်ပေါ်မှုများကို အမြဲမပြတ်စောင့်ကြည့်၍ လိုအပ်သည့် စီမံကိန်းများရေးဆွဲရာတွင် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ၏ အရေးပါမှုကို ပိုမိုအလေးထားမှု တိုးမြှင့်လာစေရန်။

စီမံကိန်း၏ ရည်မှန်းချက်များနှင့်အညီ လူမှုစီးပွားရေးနှင့်သက်ဆိုင်သည့် လူ့စွမ်းအား ဖွံ့ဖြိုးမှုလက်စွဲစာစောင်(Manual of HRDI) နှင့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်(Handbook on Human Resources Development Indicators) တို့ကို ၁၉၉၇ ခုနှစ်တွင် ပြုစုနိုင်ခဲ့ပါသည်။ စီမံကိန်းအပြီး စီမံကိန်း၏ ရလဒ်အဖြစ် ၆–၈–၁၉၉၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးသို့ စီမံကိန်း၏ ရလဒ်နှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများ လက်စွဲစာစောင်တို့ကို တင်ပြခဲ့ရာ ဝန်ကြီးဌာနများအနေဖြင့် လက်ခံအသုံးပြုဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရန်အတွက် အလုပ်သမားဝန်ကြီးဌာနက ဆောင်ရွက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က လမ်းညွှန်မှုပြုခဲ့ပါသည်။ ထိုလမ်းညွှန်ချက်နှင့်အညီ စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့ဝန်ကြီးဌာနသည် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ပြုစုထုတ်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနအကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော ဦးဆောင်ကော်မတီ (Steering Committee) ဖွဲ့စည်းပေးခဲ့ပြီး ယခုအခါ အညွှန်းကိန်းများနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းများမှကိုယ်စားလှယ်များပါဝင်သော လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ (Core Working Group) အဖြစ် အလုပ်သမားဝန်ကြီးဌာနက ဖွဲ့စည်းပေးခဲ့ပါသည်။ အညွှန်းကိန်းများ စနစ်တကျရရှိစေရေးနှင့် စဉ်ဆက်မပြတ် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ထုတ်ဝေခဲ့သည့်အတွက် ယခုထုတ်ဝေမည့်စာအုပ်သည် ၂၂ ကြိမ်မြောက်အဖြစ် ရောက်ရှိမည်ဖြစ်ပါသည်။ ထူးခြားမှုအနေဖြင့် ၂၀၀၆ ခုနှစ်တွင် ၁၉၉၀–၁၉၉၁ ခုနှစ်မှ ၂၀၀၄–၂၀၀၅ ခုနှစ်ထိ ၁၅ နှစ်တာကာလ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အညွှန်းကိန်းများကို တစ်ပေါင်းတစ်စည်းတည်း စုစည်းဖော်ပြထားသည့် အထူးထုတ် လူ့စွမ်းအား ဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို ထုတ်ဝေနိုင်ခဲ့ပါသည်။

အထက်တွင်ဖော်ပြသကဲ့သို့ အညွှန်းကိန်းစာအုပ်တွင်ပါရှိသည့် လူဦးရေနှင့်ဆိုင်သော အညွှန်းကိန်းများ၌ မြန်မာနိုင်ငံရှိ လူဦးရေကို ကျား၊ မ တိုးနှုန်းဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ အရေအတွက်ကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျား၊ မ အလိုက် လူဦးရေအကျယ်အဝန်း ဧရိယာသိပ်သည်းမှုနှင့် အိမ်ထောင်စုအရွယ်အစားကိုလည်းကောင်း၊ အသက်အရွယ်အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှုအားရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကျား၊ မ အချိုးကိုလည်းကောင်း၊ သက်ကြီးအသက်အုပ်စုအလိုက် ကျား၊ မ အုပ်စုကို လည်းကောင်း၊ သက်ကြီးအရွယ်နှင့် ကလေးမှီခိုသူ အချိုးတို့ကို လည်းကောင်း၊ ဖွားသေစာရင်းအင်းကိုလည်းကောင်း ဤစာအုပ်တွင် ဖော်ပြပါရှိသည်။

ကျန်းမာရေးနှင့် အာဟာရနှင့်ဆိုင်သော အညွှန်းကိန်းများ၌ ငါးနှစ်အောက်ကလေးများတွင် အတော်အတန်နှင့် အပြင်းအထန်အာဟာရချို့တဲ့သည့် ကလေးရာခိုင်နှုန်း၊ သားဆက်ခြားနည်း သုံးစွဲသော ဇနီးမောင်နှံစုံတွဲအရေအတွက်၊ ငါးမျိုးစပ်ကာကွယ်ဆေး (တစ်နှစ်အောက်) တို့အား ပြည်ထောင်စုအဆင့်အနေဖြင့်လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနတစ်ခုမှ ကျန်းမာရေး စောင့်ရှောက်မှု လွှမ်းခြုံနိုင်သော ပျမ်းမျှကျေးရွာအရေအတွက်၊ သန့်ရှင်းသော သောက်သုံးရေ ရယူသုံးစွဲနိုင်သည့် လူဦးရေလွှမ်းခြုံမှုရာခိုင်နှုန်း၊ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲနိုင်သည့် လူဦးရေလွှမ်းခြုံမှုရာခိုင်နှုန်းတို့ ဖော်ပြပါရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ထမ်းနှင့် အသုံးအဆောင်ရရှိနိုင်မှုနှင့်ပတ်သက်၍ ဆရာဝန်၊ သူနာပြု၊ ခုတင်အရေအတွက်နှင့် လူဦးရေအချိုးတို့ကို လည်းကောင်း၊ အစိုးရ၊ ပုဂ္ဂလိကအထူးကုဆေးခန်း၊ဆေးရုံများ အရေအတွက်ကို လည်းကောင်း၊ တိုင်းရင်းဆေးဆိုင်ရာ အညွှန်းကိန်းများနှင့် ပတ်သက်၍ ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်၊ တိုင်းရင်းဆေးရုံ၊ ဆေးကုခန်းများ၊ တိုင်းရင်းဆေးဆရာမှတ်ပုံတင်ရရှိပြီးသူများ၊ တိုင်းရင်းဆေးဆရာနှင့် လူဦးရေအချိုး၊ မှတ်ပုံတင်ထားသည့် တိုင်းရင်း ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် အရေအတွက်များ ဖော်ပြပါရှိသည်။

*စာမျက်နှာ ၁၁ သို့*

**❐ အညွှန်းကိန်းများသည် အဓိက လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းတာနိုင်သော၊ တစ်နည်းအားဖြင့် မောင်းနှင်နိုင်သော ကိန်းဂဏန်းများ ဖြစ်သည်နှင့်အညီ ၎င်းကိန်းဂဏန်းများ တိကျခိုင်မာစေရန် ဆောင်ရွက်ရသော လုပ်ငန်းအဆင့်ဆင့်မှာ အလွန်များပြားပါသည်**

# မန်းရွှေစက်တော် ဘုရားပွဲတော်ကာလအတွင်း မင်းဘူး - ရွှေစက်တော် ခရီးသည်တင်မော်တော်ယာဉ်လိုင်း ပြေးဆွဲသွားမည်

**မင်းဘူး ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်သို့ ဘုရားဖူးလာရောက်ကြသူများ သွားလာရေးလွယ်ကူချောမွေ့ အဆင်ပြေစေရန်အတွက် မင်းဘူး – ရွှေစက်တော် ခရီးသည်တင် မော်တော်ယာဉ်လိုင်းကို ဘုရားပွဲတော်ကာလအတွင်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီထံမှ သိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကြီး တပို့တွဲလဆန်း ၅ ရက် (ယခု ၂၅ ရက်မှ) မှ မြန်မာနှစ်ဆန်း တစ်ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး၊ ရဟန်းရှင်လူ မိဘပြည်သူများနှင့် ဈေးရောင်း ဈေးဝယ်များ သွားလာရေး လွယ်ကူချောမွေ့ အဆင်ပြေစေရန် ပွဲတော်ကာလအတွင်း မင်းဘူးမြို့ မြောက်လှည်းကောက် အဝိုင်းပတ်ဂိတ်၌ အောင်မန်းမော်တော်ယာဉ်ငယ်လိုင်းက ဇန်နဝါရီ ၂၅ ရက်မှစတင်ကာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မင်းဘူး–ရွှေစက်တော်ယာဉ်လိုင်းကို ပြေးဆွဲမည့်အပြင် အဆိုပါယာဉ်လိုင်းမှ မန်းရွှေစက်တော် ဘုရားကြီး၌ တောင်ပေါ်–တောင်အောက် (အတက်–အဆင်း) ခရီးစဉ်ကိုလည်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။





ယာဉ်လိုင်းပြေးဆွဲရာမှာ အောင်မန်း မော်တော်ယာဉ်ငယ်လိုင်းက ၁၂ ယောက်၊ ၁၅ ယောက်ဆံ့ (Starex နှင့် Vongo) ကားအမျိုးအစား မှန်လုံယာဉ်ငယ်များဖြင့် မင်းဘူး– ရွှေစက်တော်ခရီးစဉ်ကို ယာဉ် ၁၀ စီး၊ တောင်ပေါ်– တောင်အောက် (အတက်– အဆင်း) ခရီးစဉ်ကို ယာဉ်အစီးရေ ၂၀ စုစုပေါင်း မော်တော်ယာဉ်အစီးရေ ၃၀ ဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး ပွဲတော်ကာလ ယာဉ်အစီးရေ လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယာဉ်စီးခ နှုန်းထားကို စက်သုံးဆီဈေးနှုန်းအပေါ် မူတည်၍ သတ်မှတ်ထားကာ ယာဉ်လိုင်းပြေးဆွဲမည့် အသုံးပြုမော်တော်ယာဉ်များ ကြံ့ခိုင်ကောင်းမွန်စေရေး၊ ဘုရားဖူးများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေး၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲမောင်းနှင်နိုင်စေရေး စစ်ဆေး ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင် ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇေယျာကိုကိုက ပြောသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကာလ ယာဉ်လိုင်းများပြေးဆွဲရာ၌ ယာဉ်စီးခနှုန်းထားများကို မင်းဘူး–ရွှေစက်တော် ခရီးစဉ်တွင် အသွားငွေကျပ် ၆၀၀၀၊ အပြန်ငွေကျပ် ၆၀၀၀၊ တောင်ပေါ်–တောင်အောက်ခရီးစဉ်တွင် အတက်ငွေကျပ် ၁၀၀၀၊ အဆင်းငွေကျပ် ၅၀၀ နှုန်းဖြင့် သတ်မှတ်ထားကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**

---

*စာမျက်နှာ ၁၀ မှ*

ပညာရေးနှင့် လေ့ကျင့်မှုနှင့်ပတ်သက်၍ အခြေခံပညာ အညွှန်းကိန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်အလိုက် ကျောင်းနေနှုန်းကြမ်း၊ အသားတင်ကျောင်းနေနှုန်း၊ ကူးပြောင်းနှုန်း၊ ထိန်းထားနှုန်း၊ ပြီးမြောက်နှုန်းနှင့် ကျောင်းဝင်နှုန်းကြမ်း၊ မူလတန်းစွမ်းဆောင်ရည် ပြနှုန်း၊ ဆရာ၊ ကျောင်းသားအချိုးတို့ ဖော်ပြပါရှိပါသည်။ ဘာသာရပ်အလိုက် ဘွဲ့ရဦးရေနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာပညာရေး၊ ဗုဒ္ဓဘာသာ သာသနာ၊ ဂုဏ်ထူးဆောင်ဓမ္မပါရဂူဘွဲ့၊ အင်ဂျင်နီယာနှင့် ဗိသုကာ၊ အင်ဂျင်နီယာသိပ္ပံ၊ မြန်မာနိုင်ငံ ကုန်သွယ်ရေးကြောင်း ဒီပလိုမာ၊ ကွန်ပျူတာ သိပ္ပံနှင့် နည်းပညာ၊ ကွန်ပျူတာသတင်းအချက်အလက်သိပ္ပံ၊ ကွန်ပျူတာအသုံးချသိပ္ပံ၊ ကွန်ပျူတာ နည်းပညာ၊ အသုံးချသိပ္ပံ၊ စီးပွားရေး၊ စာရင်းအင်းပညာ၊ ဝါဏိဇ္ဇ၊ သမဝါယမ၊ သစ်တောပညာ၊ တိရစ္ဆာန်ဆေးပညာ၊ ဝိဇ္ဇာနှင့် သိပ္ပံ၊ နိုင်ငံခြားဘာသာ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ သွားဘက်ဆိုင်ရာဆေးပညာ၊ ဆေးဘက်ဆိုင်ရာနည်းပညာ၊ သူနာပြုပညာ၊ အခြေခံကျန်းမာရေးပညာ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးမှု၊ မြန်မာ့တိုင်းရင်းဆေး၊ ထိုင်းနိုင်ငံ ကုန်သည်ကြီးများအသင်းတက္ကသိုလ်မှ ဖွင့်လှစ်သော စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့များ ဖော်ပြထားပါသည်။ ကျွမ်းကျင်မှုအဆင့်အလိုက် သက်မွေးပညာ လေ့ကျင့်ပေးခဲ့မှုများတွင် ကျွမ်းကျင်မှု အဆင့်အလိုက် သက်မွေးပညာလေ့ကျင့်ပေးခဲ့သူများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်နှင့် မန္တလေး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်)၊ ကျွမ်းကျင် အလုပ်သမားများနှင့် အလုပ်ရှာဖွေသူများအတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ သင်တန်းများမှ သင်တန်းသား အရေအတွက်များကို ဖော်ပြထားပါသည်။ ပညာရေး အဆင့်အလိုက် ကျောင်းသူ ပါဝင်မှုရာခိုင်နှုန်းနှင့် ပတ်သက်၍ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်များ၊ စက်မှုလက်မှုသိပ္ပံ၊ စိုက်ပျိုးရေးသိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသူပါဝင်မှု နှုန်းစာရင်းတို့ကို ဖော်ပြထားသည်။ လုပ်သား အင်အားနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ လုပ်သား အင်အားတွင် အလုပ်လက်ရှိ၊ အလုပ်လက်မဲ့၊ လုပ်သားအင်အားပါဝင်မှုနှုန်း၊ အလုပ်လက်မဲ့နှုန်း တို့ကိုလည်းကောင်း၊ လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လက်ရှိဦးရေ၊ အလုပ်အကိုင်အမျိုးအစား အလိုက် အလုပ်လက်ရှိနှုန်းများကို အသီးသီး ဖော်ပြပါရှိပါသည်။

## ကဏ္ဍအလိုက် နိုင်ငံတော်၏ အသုံးစရိတ်များ ဖော်ပြပါရှိ

စီးပွားရေးစွမ်းဆောင်မှုအညွှန်းကိန်းများနှင့် ပတ်သက်၍ ဂျီဒီပီ၊ ဂျီဒီပီပုံမှန်ဈေးနှုန်း၊ ဂျီဒီပီ တိုးတက်မှုနှုန်း၊ တစ်ဦးကျ ဂျီဒီပီပုံမှန်ဈေးနှုန်း၊ နှစ်အလိုက်တစ်ဦးကျ ဂျီဒီပီ၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပ ပို့ကုန်၊ သွင်းကုန်၊ စားသုံးသူဈေးဆနှုန်းကိန်းတို့ကို လည်းကောင်း၊ ကဏ္ဍအလိုက် နိုင်ငံတော်၏အသုံး စရိတ်များကိုလည်းကောင်း အသီးသီးဖော်ပြထား သည်။

စားသောက်ကုန် ရရှိနိုင်မှုနှင့် မြေယာအသုံးချမှု နှင့်ပတ်သက်၍ လူတစ်ဦးအတွက် စားသောက်ကုန် ရရှိနိုင်မှုကိုလည်းကောင်း၊ မြေယာအသုံးချမှုနှင့် ပတ်သက်၍လည်းကောင်း ဖော်ပြပါရှိသည်။

အခြားအညွှန်းကိန်းများနှင့် ပတ်သက်၍ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာအညွှန်းကိန်းများနှင့် ပတ်သက်၍ မော်တော်ကားစီးရေ၊ နှစ်ဘီးတပ်ယာဉ်စီးရေ၊ လမ်းနှင့် တံတားအရေအတွက်တို့ကိုလည်းကောင်း၊ ဆက်သွယ်ရေး၊ စာပို့ဝန်ဆောင်မှု၊ နေ့စဉ်ထုတ်သတင်းစာ ဖြန့်ချိမှုများကိုလည်းကောင်း၊ လူထုမီဒီယာနှင့် ပတ်သက်၍ လူထု၊ ပုဂ္ဂလိက စာကြည့်တိုက်၊ သင်တန်းကျောင်း၊ ထပ်ဆင့်လွှင့် စက်ရုံများ (TV, FM နှင့် DVD–T2) အရေအတွက် များကိုလည်းကောင်း၊ လူမှုဝန်ထမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူမှုဝန်ဆောင်မှု ဆောင်ရွက်ပေးသော ကျေးရွာများကိုလည်း ကောင်း၊ မွေးဖွားမှုနှုန်းများကို လည်းကောင်း၊ ဆေးရုံတက်ရောက်ကုသရခြင်း၏ အဓိကအကြောင်း ရင်းများ၊ ဆေးရုံတွင်သေဆုံးသူများနှင့် သေဆုံး ရခြင်း အကြောင်းရင်းများကိုလည်းကောင်း ဖော်ပြ ပါရှိသည်။

## ပိုမိုပြည့်စုံလာ

အညွှန်းကိန်းစာအုပ်ပြုစုရာတွင် ဌာနပေါင်းစုံမှ အညွှန်းကိန်းများပါရှိသဖြင့် အညွှန်းကိန်းများ မှန်ကန်မှုရှိ မရှိကို စစ်ဆေးရာတွင် အခက်အခဲများ ရှိသကဲ့သို့ ပညာရေးဘွဲ့များ၊ ကျွမ်းကျင်မှုအဆင့် အလိုက် သက်မွေးပညာလေ့ကျင့်ပေးခဲ့သူများ၊ ဌာန ပေါင်းစုံမှ ပေးပို့သော ဘွဲ့၊ ဒီဂရီများ၊ အခြားပညာရေး သင်တန်းများမှ ဘွဲ့များကိုပြုစုရာတွင် အလွန် လက်ဝင်လှပြီး အခက်အခဲအများအပြားနှင့် တွေ့ကြုံရသည်။ ထို့ပြင် သက်ဆိုင်ရာဌာနများ၊ အညွှန်း ကိန်းများ ပေးပို့သူများထံ အကြိမ်ကြိမ်အခါခါ ဆက်သွယ်ပြီး ရှင်းလင်းလွယ်ကူသော အညွှန်းကိန်း တစ်ခုရရှိရန် ဆောင်ရွက်ရပါသည်။ သို့သော်လည်း စာအုပ်တစ်အုပ်အဖြစ် အညွှန်းကိန်းများ စုစုစည်းစည်း ဖြင့် တွေ့ရှိရသောအခါ ကြုံတွေ့ခဲ့ရသော အခက်အခဲ ပင်ပန်းမှုများသည် ယူပစ်သလိုပျောက်သွားပြီး ဝမ်းမြောက်ပျော်ရွှင်မှုကို ရရှိခံစားခဲ့ရပါသည်။ အညွှန်းကိန်းများသည် အဓိက လူ့စွမ်းအားဖွံ့ဖြိုး တိုးတက်ရေးကို တိုင်းတာနိုင်သော၊ တစ်နည်းအား ဖြင့် မောင်းနှင်နိုင်သော ကိန်းဂဏန်းများ ဖြစ်သည် နှင့်အညီ ၎င်းကိန်းဂဏန်းများ တိကျခိုင်မာစေရန် ဆောင်ရွက်ရသော လုပ်ငန်းအဆင့်ဆင့်မှာ အလွန် များပြားပါသည်။ သို့သော် သက်ဆိုင်ရာ ကိုယ်စား လှယ်အဖွဲ့များ၊ ဦးစီးဌာနမှဝန်ထမ်းများ စုစုစည်းစည်း တက်တက်ကြွကြွတက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ လက်စွဲစာအုပ် တစ်အုပ် အဆင့်မီမီတွေ့ရှိရသဖြင့်လည်း ဆောင်ရွက် ပေးကြသော ဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လုပ်သား အင်အားကောက်ယူပြုစုရေး ဌာနခွဲမှ ဝန်ထမ်းများ အား စာအုပ်ဖြစ်မြောက်မှုနှင့်အတူ ဂုဏ်ယူ ဝမ်းမြောက်မိပါသည်။ ၁၉၉၇ ခုနှစ်တွင် ပထမဆုံး ပြုစုသော လက်စွဲစာအုပ်၌ အညွှန်းကိန်း ၅၅ ခု ပါဝင်ခဲ့သော်လည်း နှစ်စဉ်ပြုလုပ်ခဲ့သည့် အလုပ်ရုံ ဆွေးနွေးပွဲများတွင် ဆွေးနွေးအတည်ပြုချက်များ အရ ယခုအခါ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုတိုင်းတာ ရာတွင် လိုအပ်သည့်အညွှန်းကိန်း ၆၂ ခု အား ဖော်ပြ ပါရှိသဖြင့် ပိုမိုပြည့်စုံလာသည်ကို တွေ့ရှိရပါသည်။

## နိုင်ငံတော်တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု

အညွှန်းကိန်းအသုံးပြုသူများသည် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများ လက်စွဲ စာအုပ် တွင်ပါရှိသော အညွှန်းကိန်းများကို ဖတ်ရှုခြင်းဖြင့် မိမိတို့နိုင်ငံ၏ ဧရိယာအကျယ်အဝန်း၊ လူဦးရေ ပမာဏ၊ လူဦးရေသိပ်သည်းဆများကို လည်းကောင်း၊ မြန်မာနိုင်ငံ၏ လုပ်သားအင်အားတွင် အလုပ်လက်ရှိ၊ အလုပ်လက်မဲ့၊ လုပ်သားအင်အား ပါဝင်မှုနှုန်း၊ အလုပ်လက်မဲ့နှုန်းတို့ကို လည်းကောင်း၊ ကျန်းမာ ရေးဆိုင်ရာကဏ္ဍတွင် ကျန်းမာရေးဝန်ထမ်းနှင့် လူဦးရေအချိုး၊ ဆေးရုံ၊ ဆေးခန်းအရေအတွက်ကို လည်းကောင်း၊ ပညာရေးဆိုင်ရာကဏ္ဍတွင် ကျောင်းနေနှုန်း၊ ဘွဲ့ရနှင့် သက်မွေးပညာကျောင်း များ၏ သင်တန်းပြီးမြောက်သူ အရေအတွက်ကို လည်းကောင်း၊ စီးပွားရေးကဏ္ဍတွင် ဂျီဒီပီ၊ နှစ်အလိုက် နိုင်ငံတော်အသုံးစရိတ်များကို လည်း ကောင်း၊ အခြားကဏ္ဍများတွင် မြေယာအသုံးချမှု၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် သတင်း နှင့် ပြန်ကြားရေး ကဏ္ဍများနှင့် လူဦးရေ မော်တော် ကားစီးရေအချိုး၊ တယ်လီဖုန်း မိုဘိုင်းဖုန်းသုံးစွဲသူ၊ အင်တာနက်သုံးစွဲသူအရေအတွက်၊ စာတိုက်မှ ဝန်ဆောင်မှုပေးမှု၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံအရေအတွက် များ၊ လူမှုဝန်ထမ်းဆိုင်ရာ သင်တန်းကျောင်းများ၊ စင်တာ များ၊ မွေးဖွားမှုအခြေအနေ၊ ပြည်သူ လူထု၏ ဆေးရုံတက်ရောက်ကုသရခြင်း၊ သေဆုံး ရခြင်း စသည့်အဓိကအကြောင်းအရာများကို သိရှိ ရသဖြင့် နိုင်ငံ၏ဆောင်ရွက်ရန်ကိစ္စရပ်များ၊ စီးပွား ရေး၊ လူမှုရေး၊ ပညာရေးစသည့်ကိစ္စရပ်များကို ပြုစုဆောင်ရွက်ရာတွင် ကိန်းဂဏန်းများ အကိုးအကား ဖြင့် ခိုင်ခိုင်မာမာပြုစုရေးသားပြီး ဆောင်ရွက် နိုင်မည်ဖြစ်သလို နိုင်ငံတော်တိုးတက်ရေးအတွက် လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကိန်း ဂဏန်းများ၊ အညွှန်းကိန်းများဖြစ်ကြောင်းကို တွေ့ရှိ ရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် မိမိတို့နိုင်ငံ၏ မည်သည့်ရာစုနှစ်တွင် မည်သို့ဖြစ်လာ၍ မည်သို့ ဆောင်ရွက်နိုင်မည် ဆိုသည့်အပိုင်းတွင် တိုးတက် အောင်ဆောင်ရွက်မည့် စီမံကိန်းများရေးဆွဲခြင်း၊ မူဝါဒများချမှတ်ခြင်းဖြင့် တန်ဖိုးရှိလှသော အညွှန်း ကိန်းများဖြစ်ပြီး သက်မဲ့ကိန်းဂဏန်းများ ဖြစ်သော် လည်း ကိန်းဂဏန်း အသုံးပြုသူများအတွက်ဆိုပါက အသက်ဝင်နေသော စကားပြောနေသည့်ကိန်းဂဏန်း များအဖြစ် မှတ်ယူမည်ဆိုပါကလည်း လွန်အံ့မည်ဟု မထင်မြင်မိပါကြောင်း ယူဆမိပါသည်။

ထို့ကြောင့် ဤလက်စွဲစာအုပ်သည် အစိုးရဌာန များ၊ စီမံကိန်းရေးဆွဲသူများ၊ သုတေသနပြုသူများ၊ NGO များနှင့် စက်ရုံ၊ အလုပ်ရုံများ၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူများအတွက် လွန်စွာ အထောက်အကူပြုမည်ဖြစ်ပါသည်။ အဆိုပါစာအုပ် ကို အညွှန်းကိန်းနှင့်သက်ဆိုင်သော ဌာနဆိုင်ရာ များ၊ အဖွဲ့အစည်းများနှင့် စီးပွားရေးတက္ကသိုလ် များ၏ စာကြည့်တိုက်များသို့ ဖြန့်ဝေမည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာန၏ Website ဖြစ်သော www.mol.gov.mm သို့ ဝင်ရောက်လေ့လာကြည့်ရှု နိုင်ကြောင်း မိတ်ဆက်မျှဝေအပ်ပါသည်။ ။

# ၂၀၂၃ ရာသီအတွက် ပထမဆုံးခေါ်ယူမှုအဖြစ် တိုက်စစ်မှူး ကျော်ကိုကိုအား ရှမ်းယူနိုက်တက်အသင်းစာချုပ်

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနေရှင်နယ်လိဂ် ကလပ် ရှမ်းယူနိုက်တက် အသင်းသည် လာမည့် ရာသီသစ်အတွက် ပထမဆုံး ကစားသမားခေါ်ယူမှု အဖြစ် တိုက်စစ်မှူး ကျော်ကိုကိုကို ခေါ်ယူလိုက်ပြီဖြစ်သည်။

ကျော်ကိုကိုသည် မြန်မာ ထိပ်တန်း တိုက်စစ်မှူးများတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ထိုင်း ကလပ်များတွင် ကာလအတန်ကြာ ကစားပြီးနောက် မြန်မာ ကလပ်သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ကျော်ကိုကိုသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာကလပ်များဖြစ်သည့် ဇေယျာရွှေမြေနှင့် ရန်ကုန်ယူနိုက်တက်အသင်းတွင် ကစားခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ထိုင်းကလပ်များသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ကျော်ကိုကိုသည် ထိုင်းကလပ်များဖြစ်သည့် ချင်းရိုင်ယူနိုက်တက်၊ ဆာမတ်ပရာကန်၊ ဆူခိုထိုင်း၊ ချင်းမိုင်ယူနိုက်တက်၊ ဖာရေးယူနိုက်တက်နှင့် Rayong အသင်းတို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ပါဝင်ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီတွင် လေးရာသီဆက် MNL အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးနိုင်ရေး မျှော်လင့်ချက်အပြင် နိုင်ငံတကာကလပ်ပြိုင်ပွဲများလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြင်ဆင်မှုများစွာ ပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆုံးအဖြစ် တိုက်စစ်အားဖြည့်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် MNL အမှတ်ပေးပြိုင်ပွဲ၏ လက်ရှိချန်ပီယံ အသင်းဖြစ်ပြီး နောက်ဆုံး သုံးရာသီဆက်တိုက် ဗိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ပြည်တွင်း၊ ပြည်ပကစားသမားသစ်များစွာ ထပ်မံခေါ်ယူမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၂ ရာသီယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကိုလည်း သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

**ရဲရင့်လွင်**



**ဓာတ်ပုံ-ရှမ်းယူနိုက်တက်**



ပို့စ်မောက်ဘက်သို့ စပါးတိုက်စစ်ကစားသမား ကိန်း ဂိုးသွင်းယူစဉ်။

## အက်ဖ်အေဖလား တတိယအဆင့်ပြိုင်ပွဲ၌ စပါး၊ လက်စတာနှင့် ဆောက်သမ်တန်တို့ အနိုင်ရ

အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့်မှ ဇန်နဝါရီ ၇ ရက် ည ၇ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် စပါး၊ လက်စတာနှင့် ဆောက်သမ်တန်အသင်းတို့ အနိုင်ရရှိခဲ့သည်။

စပါးနှင့် လိဂ်ဝမ်းကလပ် ပို့စ်မောက်အသင်းတို့ ပွဲစဉ်တွင် စပါးအသင်းက ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဟယ်ရီကိန်း၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးရယူနိုင်ခဲ့သော ကိန်းသည် စပါးအသင်း၏ ထာဝရ သွင်းဂိုးအများဆုံး ဂျင်မီဂရေ့၏ သွင်းဂိုး ၂၆၆ ဂိုးစံချိန်ကို လိုက်မီရန် တစ်ဂိုးသာ လိုအပ်တော့သည်။

ဆောက်သမ်တန်နှင့် ပဲလေ့စ်အသင်းတို့ပွဲစဉ်တွင် ဆောက်သမ်တန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ပဲလေ့စ်အသင်းက ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ်ပိုင်း လိုအပ်ချက် ရှိနေသည့်အတွက် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။ လက်စတာနှင့် လိဂ်တူးကလပ် ဂီလီဂမ်အသင်းတို့ ပွဲစဉ်တွင် လက်စတာအသင်းက အီဟီအာနာချို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ဇော်ဇော်**

● *ကျောဖုံးမှ*

ထိုက်ထိုက်တန်တန် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မလေးရှားအသင်းက ၁၁ မိနစ်မှာပင် ဂိုးစတင်ရရှိခဲ့ခြင်းဖြစ်သည်။ မလေးရှားအသင်းအတွက် အနိုင်ဂိုးကို အဗ္ဗဒူဟာလင်မ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ထိုင်းအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း မလေးရှားအသင်းက အကောင်းဆုံးထိန်းချုပ်ကာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့၏ ဆီမီးဖိုင်နယ် ဒုတိယအကျော့ကို ဇန်နဝါရီ ၁၀ ရက်တွင် ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ဓာတ်ပုံ-FAM**

❖ *ကျောဖုံးမှ*

စွမ်းဆောင်ရည်မပြသသည့်အတွက် ဂိုးပြတ်ရှုံးပွဲနှင့် ထပ်မံကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ အဲဗာတန်အသင်းက ယခုပွဲစဉ်မတိုင်မီ ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင် ဂိုးပြတ်ရှုံးနိမ့်ထားသောကြောင့် နောက်ဆုံးလေးပွဲတွင် နိုင်ပွဲပျောက်ဆုံးကာ သရေတစ်ပွဲနှင့် ရှုံးပွဲသုံးပွဲ ရှိလာသည့်အတွက် ဂတ်ဒီဆင်ပတ်ခ်၌ နည်းပြ လမ်းပတ်၏ အနာဂတ် ဖိအားများစေခဲ့သည်။

ဦးဆောင်ဂိုးကို မန်ယူက စတင်ရရှိခဲ့ပြီး အန်တိုနီက ပွဲချိန်လေးမိနစ်တွင် သွင်းယူပေးခဲ့သည်။ အဲဗာတန်က ပွဲချိန် ၁၄ မိနစ်တွင် ချေပဂိုးရရှိခဲ့ပြီး ကုတ်ဒီက သွင်းယူပေးခဲ့သည်။ သို့သော်လည်း ကုတ်ဒီသည် ပွဲချိန် ၅၂ မိနစ်တွင် ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ မန်ယူအသင်း ဒုတိယဂိုးရရှိခဲ့သည်။ တတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ရက်ဖို့ဒ် က ပယ်နယ်တီမှတစ်ဆင့် အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည်။

**အောင်ဇော်**





## United Cup ပြိုင်ပွဲမှ ဆွီယာတက်ခ် ထွက်ရပြီ

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် အီဂါ ဆွီယာတက်ခ်သည် ဆစ်ဒနီ၌ ကျင်းပသည့် United Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် နိုင်ခြေအဆင့် (၃) သတ်မှတ်ခံထားရသည့် အမေရိကန် တင်းနစ်မယ် ဂျက်ဆီကာ ပဲဂူလာကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် ဆွီယာတက်ခ်သည် ပြိုင်ဘက်ကို ၆-၂၊ ၆-၂ ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ခြင်း ဖြစ်သည်။ ပိုလန် တင်းနစ်မယ် ဆွီယာတက်ခ်သည် ပဲဂူလာနှင့် ယခင်တွေ့ဆုံခဲ့သည့် ပြင်သစ်နှင့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် အနိုင်ရရှိထားသည်။

## ဒဏ်ရာကြောင့် ဩစတြေးလျအိုးပင်းကို ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား အယ်ကာရက်ဇ် လွဲချော်မည်



ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ကားလို့စ် အယ်ကာရက်ဇ်သည် ရာသီအကြိုလေ့ကျင့်ရေး အစီအစဉ်တွင် ခြေထောက်ဒဏ်ရာရရှိခဲ့သောကြောင့် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် စက်တင်ဘာလက ယူအက်စ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲ၌ ကက်စ်ပါရုဒ်ကို အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည့်အတွက် အသက်အငယ်ဆုံး ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဖြစ်လာခဲ့သည်။ “ဩစတြေးလျအိုးပင်းပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားခဲ့ပေမယ့် ကံမကောင်းစွာနဲ့ ဒဏ်ရာရရှိခဲ့တာကြောင့် ဩစတြေးလျအိုးပင်းကို ပါဝင်ကစားနိုင်မှာ မဟုတ်တော့ဟု” အယ်ကာရက်ဇ် ပြောသည်။

## သတင်းတိုများ

- လီဗာပူးခံစစ်ကစားသမား ဗန်ဒိုက် ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိကြောင်း သိရသည်။
- ဘာစီလိုနာနှင့် နယ်သာလန်တိုက်စစ်ကစားသမား ဒီပေး မန်ယူသို့ ပြန်လည်ပြောင်းရွှေ့လိုနေသည်။
- အယ်နာဆာအသင်းမှ ကင်မရွန်းတိုက်စစ်ကစားသမား အဘူဘက်ကာကိုအငှားခေါ်ယူရန်မန်ယူအသင်းသဘောတူညီမှုရရှိပြီဟု ဆိုသည်။
- ဂျူဗင်တပ်စ်နဲ့ ဘာစီလိုနာတို့ ပဲလေ့စ်မှ ဇာဟာ၏ အခြေအနေကို စောင့်ကြည့်နေသည်။

## အော်ဆစ်ကို ဆောက်သမ်တန် ခေါ်ယူ

ဆောက်သမ်တန်အသင်းသည် ဒိုင်နမိုဇာဂရက်အသင်းမှ ခရိုအေးရှားတောင်ပံကစားသမား အော်ဆစ်ကို နှစ်နှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အော်ဆစ်သည် ဇန်နဝါရီတွင်ဆောက်သမ်တန်၏ ပထမဆုံးခေါ်ယူမှု ဖြစ်လာခဲ့သည်။ အော်ဆစ် (၃၀နှစ်) သည် ခရိုအေးရှားကလပ်အတွက် ပြိုင်ပွဲစုံ ၂၁၆ ပွဲပါဝင်ကစားထားပြီး ၉၁ ဂိုးသွင်းယူပေးထားနိုင်သည်။ ထို့အပြင် ၎င်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းကို တတိယနေရာရရှိအောင် ကူညီပေးထားနိုင်သည်။

လင်းလက်ကြယ် - စုစည်းသည်

# အမေရိကန်နိုင်ငံ၌ အိုမီခရွန်မျိုးကွဲ လျင်မြန်စွာပျံ့နှံ့လျက်ရှိ

**နယူးယောက် ဇန်နဝါရီ ၇**

အမေရိကန် ပြည်ထောင်စုတွင် အိုမီခရွန်မျိုးကွဲ တစ်မျိုးမှာ လျင်မြန်စွာ ပျံ့နှံ့နေသည်ဟု သိရသည်။ အမေရိကန်၌ ဇန်နဝါရီ ပထမပတ် အတွင်း နောက်ထပ်ကူးစက်ခံရသည့် ကိုဗစ်-၁၉ ကူးစက်မှုများ၏ ၂၇ ဒသမ ၆ ရာခိုင်နှုန်းမှာ XBB.1.5 မျိုးကွဲဟု အမေရိကန်ရောဂါ



အမေရိကန်ရှိ ဆေးရုံတစ်ရုံ အရေးပေါ်ဌာနတွင် ကိုဗစ်-၁၉ ရောဂါ လူနာများ ဆေးကုသမှု ခံယူစဉ်။

ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဒီဇင်ဘာ ၆ ရက်တွင် ပြောသည်။ ဒီဇင်ဘာလနှောင်းပိုင်းမှစတင်ကာ အခြားသော အိုမီခရွန်မျိုးကွဲ ကူးစက်မှုများမှာလျော့ကျလာသော်လည်း XBB.1.5 ကူးစက်မှုမှာ လွန်ခဲ့သည့်လနှင့်နှိုင်းယှဉ်လျှင် ခန့်မှန်းခြေအားဖြင့် ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာခဲ့သည်။

နယူးယောက်အရှေ့ပိုင်းပြည်နယ် အပါအဝင် ကူးစက်မှု ၇၀ ရာခိုင်နှုန်းမှာ XBB.1.5 ကြောင့်ဖြစ်သည်။ အိုမီခရွန်မျိုးကွဲကူးစက်မှုမှာ ပို၍ လျင်မြန်လာနိုင်ကြောင်း အိမ်ဖြူတော် ကိုဗစ် -၁၉ တိုက်ဖျက်ရေး မှူး အရှိဂျာက ဇန်နဝါရီ ၄ ရက်တွင် ပြောသည်။ ပြည်သူများအနေဖြင့် အခြေခံကာကွယ်ရေးစနစ်များဖြစ်သည့် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်း၊ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းများနှင့် အဆောက်အအုံတွင် လူစုလူဝေးများကို ရှောင်ရှားကြရန် ၎င်းက တောင်းဆိုခဲ့သည်။

အမေရိကန်ပြည်ထောင်စု၌ ဇန်နဝါရီ ၄ ရက်မှစတင်ကာ ဆေးရုံတက်ရသည့်လူနာဦးရေမှာ တစ်ရက်လျှင် ၆၅၀၀ တိုးလျက်ရှိသည်။ သို့သော်လည်း ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစတင်ကာ ကိုဗစ်-၁၉ ကြောင့် တစ်ရက်အတွင်း သေဆုံးသူဦးရေမှာ ၄၀၀ အောက်ကျဆင်းလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



## အင်ဒိုနီးရှား၌ မီးတောင်ပေါက်ကွဲပြီး ပြာမှုန်ပြာခိုးများ တောင်ထိပ်အထက် မီတာ ၃၀၀ အထိ လွင့်စဉ်မှုတ်ထုတ်

**ဂျကာတာ ဇန်နဝါရီ ၇**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်ရှိ မာရာပီမီးတောင်သည် ဇန်နဝါရီ ၇ ရက်က ၄၅ စက္ကန့်ကြာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပြာမှုန်ပြာခိုးများ တောင်ထိပ်အထက် မီတာ ၃၀၀ အထိ လွင့်စဉ်မှုတ်ထုတ်ခဲ့ကြောင်း မီးတောင်ဗေဒနှင့် ဘူမိဗေဒဘေးအန္တရာယ် လျော့ပါးရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ မီးတောင်သည် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၁ မိနစ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး လွင့်စဉ်မှုတ်ထုတ်လိုက်သော ပြာမှုန်ပြာခိုးများက အနီးနားပတ်ဝန်းကျင်ကို ထိခိုက်ဖွယ်ရှိလာနိုင်ကြောင်း အဆိုပါ စင်တာ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၉၁ မီတာခန့်တွင် ရှိသော အဆိုပါ မာရာပီ မီးတောင်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ စတင်ကာ လှုပ်ရှားမှုရှိခဲ့ကြောင်း သိရသည်။ လက်ရှိတွင် မာရာပီ မီးတောင်မှာ အန္တရာယ်ဖြစ်ပေါ် နိုင်သည့် ဒုတိယအဆင့်တွင်ရှိသည်ဟု ဆိုသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ ဗုံးခြောက်လှန့်မှုကြောင့် လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရ

**တိုကျို ဇန်နဝါရီ ၇**

ဂျက်စတာဂျပန် လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဗုံးတပ်ဆင်ထားသည်ဟူသော ခြောက်လှန့်မှုကြောင့် ဂျပန်နိုင်ငံ အလယ်ပိုင်း အိုင်ချီခရိုင်လေဆိပ်တွင် အရေးပေါ်ဆင်းသက်မှုပြုလုပ်ခဲ့ရကြောင်း သိရသည်။

**နာရီတာလေဆိပ်သို့ ဦးတည်ပျံသန်း**

ဇန်နဝါရီ ၇ ရက် နံနက် ၇နာရီ မိနစ် ၃၀တွင် ချူဘူးလေဆိပ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရသည်။ အဆိုပါလေယာဉ်မှာ တိုကျိုမြို့အနီး နာရီတာလေဆိပ်သို့ ဆင်းသက်ရန် ဦးတည်ပျံသန်းခဲ့ခြင်း ဖြစ်သည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၁၃၆ ဦးနှင့် လေယာဉ်အမှုထမ်း ခြောက်ဦးလိုက်ပါလာသည်။ ခရီးသည်များမှာ အရေးပေါ်ထွက်ပေါက်မှ ထွက်ခဲ့ရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်စဉ် ငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု လေဆိပ်အာဏာပိုင်များက ပြောသည်။

**ဂျာမနီမှ ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိခဲ့**

နံနက် ၆နာရီ မိနစ် ၂၀ဝန်းကျင်တွင် ဂျာမနီမှ ဖုန်းခေါ်ဆိုမှုကို နာရီတာလေဆိပ်မှ လက်ခံရရှိခဲ့ကြောင်း သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။ ဂျက်စတာလေယာဉ်ပေါ်ရှိ ကုန်တင်ခန်းတွင် ၁၀၀ ကီလိုဂရမ် ပလတ်စတစ်ဗုံး တပ်ဆင်ထားကြောင်း အမျိုးသားတစ်ဦးက အင်္ဂလိပ်ဘာသာစကားဖြင့် ပြောကြားခဲ့သည်။

**သံသယဖြစ်ဖွယ် မတွေ့ရှိရသေး**

ဖုန်းခေါ်ဆိုသူသည် မန်နေဂျာနှင့်စကားပြောရန်တောင်းဆိုခဲ့ပြီး ၎င်း၏ စေခိုင်းချက်အတိုင်းမလုပ်ပါက ဗုံးဖောက်ခွဲပစ်မည်ဟု ပြောသည်။ သို့သော်လည်း ယခုအချိန်အထိ လေယာဉ်ပေါ်တွင် သံသယဖြစ်ဖွယ် အရာဝတ္ထု မတွေ့ရှိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ယင်းဖြစ်ရပ်ကြောင့်လေဆိပ်တွင် ပြေးလမ်းပိတ်ထားခဲ့ရပြီး လေဆိပ်လုပ်ငန်းဆောင်တာများကို နာရီအနည်းငယ်ကြာမှ ပြန်လည် လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




ဗုံးအန္တရာယ် ခြောက်လှန့်ခံရသည့် လေယာဉ်ကို အရေးပေါ် ဆင်းသက်မှုပြုလုပ်ပြီးနောက် တွေ့ရစဉ်။

## အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ကီဗင်မက္ကာသီ ရွေးချယ်တင်မြှောက်ခံရ

**ဝါရှင်တန် ဇန်နဝါရီ ၇**



အမေရိကန်အောက်လွှတ်တော်၏ ရီပတ်ဘလီကင်ခေါင်းဆောင် ကီဗင်မက္ကာသီသည် (၁၅) ကြိမ်မြောက် မဲခွဲဆုံးဖြတ်မှုတွင် အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး သမိုင်းဝင် လိပ်ခဲတည်းလည်း အခြေအနေတစ်ခုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မက္ကာသီသည် ဇန်နဝါရီ ၇ ရက်တွင် အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် အနိုင်ရရှိရန် အဓိက မဲအများစုကို ရရှိခဲ့သည်ဟု ဆိုသည်။ လွှတ်တော်အစည်းအဝေးကို ဇန်နဝါရီ ၃ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ မက္ကာသီအနေဖြင့် ၎င်းပါတီအတွင်း သဘောထားတင်းမာနေသော ကွန်ဆာဗေးတစ်များထံမှ ထောက်ခံမှုရရှိရန် ကြိုးစားရုန်းကန်ခဲ့ကြောင်း သိရသည်။

လွှတ်တော်အနေဖြင့် နှစ်ပေါင်း ၁၆၄ နှစ်အတွင်း ပထမဆုံးအကြိမ် လွှတ်တော်ဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်ရန် (၁၀) ကြိမ်ကျော် မဲခွဲဆုံးဖြတ်ခဲ့ရသည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ဂျီးရီးယားနိုင်ငံ၌ သင်္ဘောတိမ်းမှောက် ၁၄ ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံး

**အဘူဂျာ ဇန်နဝါရီ ၇**

နိုင်ဂျီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းတွင် ယခုသီတင်းပတ်အတွင်း သင်္ဘောတိမ်းမှောက်မှုကြောင့် ၁၄ ဦးထက် မနည်းသေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးလျက်ရှိသည်ဟု နိုင်ဂျီးရီးယားသတင်းအေဂျင်စီက ဇန်နဝါရီ ၇ ရက်တွင် ပြောသည်။

အဆိုပါ သင်္ဘောပေါ်တွင် လယ်သမား ၁၀၀ ခန့် လိုက်ပါလာပြီး ၈၀ ခန့်ကို အသက်ရှင်လျက်ကယ်တင်နိုင်ခဲ့သည်ဟု သိရသည်။ ဇန်နဝါရီ ၃ ရက် က ခပ်ဘီပြည်နယ်မြစ်တစ်စင်းအတွင်း သင်္ဘောတိမ်းမှောက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဝမ်းနည်းကြောင်း နိုင်ဂျီးရီးယားသမ္မတ မူဟာမက်ဒူဘူဟာရီက ဇန်နဝါရီ ၆ ရက်က သတင်းထုတ်ပြန်ခဲ့သည်။ ပျောက်ဆုံးနေသူများကို ကယ်ဆယ်နိုင်ရေး ကြိုးစားရှာဖွေခဲ့ကြသည့် ကယ်ဆယ်ရေးသမားများကိုလည်း အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။ ကျေးလက်ဒေသများတွင် ရေကြောင်းခရီးသွားလာရာ၌ ပိုမိုအဆင်ပြေစေမည့်နည်းလမ်းများကို ရှာဖွေရန် ဒေသခံအကြီးအကဲများကို သမ္မတကပြောကြားခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံ၌ ဝန်ပိုတင်ဆောင်မှုကြောင့် သင်္ဘောတိမ်းမှောက်မှုများ မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိသည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်နိုင်ဟု သတိပေးထား

**မနီလာ ဇန်နဝါရီ ၇**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနှင့်တောင်ပိုင်းရှိ ဒေသခံများမှာ ယခုသီတင်းပတ်အတွင်း ရေကြီးမှုနှင့်မြေပြိုမှုဒဏ်ကိုခံစားရနိုင်ကြောင်း ပြည်နယ်မိုးလေဝသဗျူရိုက ဒီဇင်ဘာ ၇ ရက်တွင် သတိပေးထားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအို အရှေ့ပိုင်း ၇၃၅ ကီလိုမီတာအကွာကို ဗဟိုပြုလျက် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ မုန်တိုင်းသည် လာမည့် ၂၄နာရီအတွင်း တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း သတိပေးထားသည်။

ယင်းသို့သောအခြေအနေအောက်တွင် ရေကြီးမှုနှင့်မြေပြိုမှုများ ဖြစ်လာနိုင်ကြောင်း ဖိလစ်ပိုင်လေထုဘူမိဗေဒနှင့် နက္ခတ္တဗေဒ စီမံခန့်ခွဲမှုဌာနမှ သတိပေးထားသည်။ ပြီးခဲ့သည့် ခရစ္စမတ်မှစတင်ကာ ဖိလစ်ပိုင်နိုင်ငံတစ်လွှား ရေကြီးမှုနှင့်မြေပြိုမှုကြောင့် ၅၂ ဦး ထက်မနည်း အသက်ဆုံးရှုံးခဲ့ပြီး လူပေါင်း ၆၈၀၀၀၀ ကျော် ရေဘေးသင့်ခဲ့ရသည်ဟု သိရသည်။

**ဆင်ဟွာ**

## အမေရိကန်၌ အသက်ခြောက်နှစ်အရွယ် ကလေးတစ်ဦးက ပစ်ခတ်မှုကြောင့် ဆရာမတစ်ဦး ပြင်းထန်ဒဏ်ရာရ

**ဝါရှင်တန် ဇန်နဝါရီ ၇**

အမေရိကန်နိုင်ငံအရှေ့ပိုင်း ဗာဂျီးနီးယားပြည်နယ်ရှိ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း၌ ဇန်နဝါရီ ၆ ရက်က အသက်ခြောက်နှစ်အရွယ်ကလေးငယ်တစ်ဦး ပစ်ခတ်မှုကြောင့် ဆရာမတစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိခဲ့သည့် ဆရာမမှာ အသက် ၃၀ အရွယ်ဖြစ်ပြီး စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း နယူးပို့တ်နယူးစ်မြို့ ရဲတပ်ဖွဲ့က ပြောသည်။ ထိုဖြစ်စဉ်ကြောင့် အခြားကျောင်းသူ ကျောင်းသားများ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း ဒေသခံရဲချုပ်ဖြစ်သူ စတိဗ်ဒရူးက သတင်းထောက်များကို ပြောသည်။ ကလေးငယ်သည် စာသင်ခန်းထဲတွင် သေနတ်တစ်လက် ကိုင်ဆောင်ထားကြောင်း၊ ၎င်းကိုင်ဆောင်ထားသည့် သေနတ်ရရှိပုံနှင့်ပတ်သက်ပြီး သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ရဲချုပ်က ပြောသည်။ လက်ရှိတွင် အဆိုပါကလေးငယ်ကို ဖမ်းဆီးထိန်းသိမ်းထားပြီး ထိုကဲ့သို့ပစ်ခတ်မှုသည် မတော်တဆပစ်ခတ်မှုမဟုတ်ကြောင်း ၎င်းက ပြောသည်။ **ဆင်ဟွာ**

# လူနာတွေကို လက်ခံထားမယ့် ဆေးရုံကို ရှာဖွေဖို့ ရုန်းကန်နေရတဲ့ ဂျပန်

နွယ်နီလင်း

ဂျပန်နိုင်ငံမှာ လူနာ ၇၀၀၀ ကျော် စံချိန်တင် မြင့်တက်လာတဲ့အတွက် လူနာတင်ယာဉ်တွေဟာ လူနာတွေကို လက်ခံထားမယ့် ဆေးရုံကိုရှာဖွေဖို့ ရုန်းကန်နေရတယ်လို့ ဂျပန်နိုင်ငံ အရေးပေါ်အာဏာပိုင်များက ဆိုတယ်။

**လူနာအရေအတွက်မှာ တိုးလာဖွယ်ရှိ**

ပြီးခဲ့တဲ့နှစ်ကုန်ကာလနဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေတဲ့ အချိန်အတွင်း ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတွေကို ပိတ်ပစ်ခဲ့တဲ့အတွက်ကြောင့် အဆိုပါ လူနာအရေအတွက်မှာ တိုးလာဖွယ်ရှိတယ်လို့ မီးသတ်နှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အေဂျင်စီက ပြောတယ်။

အဆိုပါအေဂျင်စီက အပတ်စဉ် နိုင်ငံတစ်ဝန်း အရေးပေါ်ဌာနချုပ် ၅၂ ခုမှ ပို့ဆောင်ရေးခက်ခဲတဲ့ လူနာအရေအတွက်ကို မှတ်တမ်းတင်ထားတယ်။ ၎င်းတို့ထဲတွင် လူနာတစ်ဦးကို မပို့ဆောင်မီ လေးခု သို့မဟုတ် လေးခုထက် ပိုတဲ့ဆေးရုံတွေကို မေးမြန်းဖို့ အရေးပေါ်တုံ့ပြန်ရေးသမားတွေ ပါဝင်ပါတယ်။

**လွန်ခဲ့တဲ့ သုံးနှစ်က အလားတူရက်သတ္တပတ်ကထက် ရှစ်ဆနီးပါးရှိ**

ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ တစ်ပတ်အတွင်း လူနာ ၇၁၅၈ ဦးရှိပြီး အစောပိုင်း သီတင်းပတ်က သတ်မှတ်ထားတဲ့ စံချိန်ထက် ၃၆၈ ဦး မြင့်တက်လာတယ်လို့ အေဂျင်စီမှ တာဝန်ရှိသူတွေက ဆိုတယ်။ ၎င်းတို့ထဲမှာ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၃၁၁ ဦး ရာခိုင်နှုန်းအားဖြင့် ၃၂ ရာခိုင်နှုန်းရှိပါတယ်။ အဆိုပါ ပမာဏမှာ ကိုဗစ်-၁၉ ကပ်ရောဂါစတင်မဖြစ်ပွားမီ လွန်ခဲ့တဲ့ သုံးနှစ်က အလားတူရက်သတ္တပတ်ကထက် ရှစ်ဆ နီးပါးရှိပါတယ်။

ကိုဗစ်-၁၉ ရောဂါနဲ့ ရာသီတုပ်ကွေးရောဂါ နှစ်ဆဖြစ်ပွားနိုင်ခြေကို ထိန်းချုပ်ဖို့အတွက် ခရိုင်အာဏာပိုင်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ အေဂျင်စီက စီစဉ်နေတယ်။

ထို့ပြင် ဂျပန်နိုင်ငံမှာ ဇန်နဝါရီလ လယ်မှစကာ ကိုဗစ်-၁၉ နေ့စဉ် ကူးစက်မှုနှုန်းမှာ သိသိသာသာမြင့်တက်လာနိုင်ဖွယ်ရှိပြီး ယခင်က သတ်မှတ်ထားတဲ့ စံချိန်ကို ကျော်လွန်နိုင်တယ်လို့ ဂျပန်နိုင်ငံမှ ကိုဗစ်-၁၉ ကျွမ်းကျင်သူ တစ်ဦးက သတိပေးထားပါတယ်။

**ကပ်ရောဂါ သတ္တမလှိုင်းအတွင်း ကူးစက်ဖြစ်ပွားတဲ့ အမြင့်ဆုံး ပမာဏထက်ပိုများ**

အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်အကြံပေးအဖွဲ့၊ တိုဟိုတက္ကသိုလ်မှ ပါမောက္ခဖြစ်သူ တာတဲဒါ ခါဇူဟီရိုက ကိုဗစ်-၁၉ နေ့စဉ် ကူးစက်မှုနှုန်းမှာ အစိုးရ၏ အစောပိုင်းက ခန့်မှန်းချက်ဖြစ်တဲ့ နိုင်ငံတစ်ဝန်း ကူးစက်ခံရသူ အရေအတွက် ၄၅၀၀၀၀ ကို ရောက်ရှိနိုင်တယ်လို့ ဆိုတယ်။ အဆိုပါ ပမာဏမှာ ဂျပန်နိုင်ငံရှိ ပြီးခဲ့တဲ့ နွေရာသီကာလ ကပ်ရောဂါ သတ္တမလှိုင်းအတွင်း ကူးစက်ဖြစ်ပွားတဲ့ အမြင့်ဆုံး ပမာဏထက် ပိုများပါတယ်။

**ခုတင်လိုအပ်မှုနှုန်း မြင့်မားလာ**

ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက် မြင့်မားလာခြင်းကြောင့် အပြင်းဖျားလူနာများအပါအဝင် ၎င်း၏ တက္ကသိုလ်ဆေးရုံများရှိ ခုတင် လိုအပ်မှုနှုန်း မြင့်မားလာတယ်လို့ ပါမောက္ခ တာတဲဒါက ဆိုတယ်။

လေဖြတ်ခြင်းကဲ့သို့သော အခြားဖျားနာမှုများကြောင့် ဆေးရုံတက်ရောက်ခဲ့ရတဲ့ လူနာအများအပြားမှာ နောက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါလက္ခဏာများ တွေ့ရှိရသောကြောင့် ဆေးရုံတွင်းရောဂါ ကူးစက်မှုကို ကာကွယ်ဖို့အတွက် ကျန်းမာရေး စောင့်ရှောက်မှု အဆောက်အအုံတွေဟာ ဝန်ပိနေတယ်လို့ ၎င်းက ဆိုတယ်။



ဂျပန်အစိုးရ ကိုရိုနာဗိုင်းရပ်စ်အကြံပေးအဖွဲ့၊ တိုဟိုတက္ကသိုလ်မှ ပါမောက္ခဖြစ်သူ တာတဲဒါ ခါဇူဟီရို။

**တစ်ရက်တည်း သေဆုံးသူ ၄၅၆ ဦးရှိ**

ဇန်နဝါရီ ၆ ရက် တစ်ရက်တည်းမှာ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ နဲ့ဆက်စပ်ပြီး သေဆုံးသူ ၄၅၆ ဦးရှိတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ဆိုတယ်။ အဆိုပါ သေဆုံးမှုနှုန်းဟာ ကပ်ရောဂါစတင်ဖြစ်ပွားတဲ့အချိန်မှစကာ ဂျပန်နိုင်ငံမှာ တစ်ရက်တည်းသေဆုံးမှုနှုန်း အမြင့်ဆုံး ပမာဏ ဖြစ်တယ်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်ကလည်း သေဆုံးသူ ၄၂၀ ရှိပါတယ်။

**လူသေဆုံးမှုတွေ ပိုလာနိုင်**

ဂျပန်နိုင်ငံတစ်ဝန်း တစ်ရက်တည်း ကိုဗစ်-၁၉ နောက်ထပ် ကူးစက်ခံရသူ အရေအတွက်မှာ ၂၄၅၅၄၂ ဦးရှိတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ဆိုတယ်။ ရောဂါကူးစက်မှုကို မတားဆီးနိုင်ဘူးဆိုပါက ဝန်ပိနေတဲ့ ဆေးရုံအခြေအနေကြောင့် လူသေဆုံးမှုတွေ ပိုလာနိုင်တယ်လို့ တာတဲဒါက ဆိုတယ်။

ထို့ပြင် ရာသီတုပ်ကွေးရောဂါလည်း တစ်ပြိုင်နက်တည်း ဖြစ်ပွားနိုင်ခြေရှိတယ်လို့ ၎င်းက မှတ်ချက်ပြုထားတယ်။ အခြေခံရောဂါ တိုက်ဖျက်ရေးအစီအမံများကို လိုက်နာရန်နဲ့ သတိရှိရှိနေထိုင်ကြရန် ပြည်သူတွေကို ၎င်းက တိုက်တွန်းထားတယ်။

**အိမ်မှာ အားဖြည့်နေထိုင်ရန် တိုက်တွန်း**

ပြင်းထန်တဲ့ ရောဂါလက္ခဏာတွေ ဖြစ်ပွားနိုင်ခြေနည်းတဲ့ စမ်းသပ်ကိရိယာတွေကို အသုံးပြုဖို့နဲ့ ဆေးရုံတွေမှာ ပူပင်သောကဒဏ်လျော့ကျစေဖို့ အိမ်မှာ အားဖြည့်နေထိုင်ရန် ပြည်သူများကို ၎င်းက တိုက်တွန်းထားတယ်။

**ဒေသန္တရကျန်းမာရေး စောင့်ရှောက်မှုကို အသုံးပြုဖို့ မှတ်ချက်ပြု**

ထို့ပြင် အွန်လိုင်းဆေးဘက်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုတွေကဲ့သို့ ဒေသန္တရကျန်းမာရေး စောင့်ရှောက်မှု နောက်ဆက်တွဲစင်တာတွေကို အသုံးပြုဖို့ ၎င်းက မှတ်ချက်ပြုထားတယ်။ ။

ကိုးကား- အင်န်အိတ်ချ်ကေ

○ ဒီဇင်ဘာ ၂၆ရက်မှ ဇန်နဝါရီ ၁ ရက်အထိ တစ်ပတ်အတွင်း လူနာ ၇၁၅၈ ဦးရှိပြီး အစောပိုင်းသီတင်းပတ်က သတ်မှတ်ထားတဲ့ စံချိန်ထက် ၃၆၈ ဦး မြင့်တက်လာတယ်လို့ အေဂျင်စီမှ တာဝန်ရှိသူတွေက ဆိုတယ်။ ၎င်းတို့ထဲမှာ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၃၁၁ ဦး ရာခိုင်နှုန်းအားဖြင့် ၃၂ ရာခိုင်နှုန်းရှိပါတယ်။ အဆိုပါ ပမာဏမှာ ကိုဗစ်-၁၉ ကပ်ရောဂါစတင်မဖြစ်ပွားမီ လွန်ခဲ့တဲ့ သုံးနှစ်က အလားတူရက်သတ္တပတ်ကထက် ရှစ်ဆနီးပါးရှိ



ကျိုနိုမြို့ရှိ ဆေးရုံတစ်ခု၌ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

❂ လေဖြတ်ခြင်းကဲ့သို့သော အခြားဖျားနာမှုများကြောင့် ဆေးရုံတက်ရောက်ခဲ့ရတဲ့ လူနာအများအပြားမှာ နောက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါလက္ခဏာများ တွေ့ရှိရသောကြောင့် ဆေးရုံတွင်း ရောဂါ ကူးစက်မှုကို ကာကွယ်ဖို့အတွက် ကျန်းမာရေး စောင့်ရှောက်မှု အဆောက်အအုံတွေဟာ ဝန်ပိနေ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်းရှိ

**(၇-၁-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၁-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၇-၁-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၄၅,၃၁၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၁၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၄၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါ နောက်ဆက်တွဲပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ခံယူကြရန် လိုအပ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ဝင်အခန်းများ၊ လူထုထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်ဝင်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၀ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၅ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၅၀ | ၂၇၆၀ |
| 95 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၀ | ၂၁၀၅ | ၂၁၀၅ | ၂၃၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၃၃၆၀ |
| HSD (50 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၂ | ၁၉၂၃ |
| 95 Ron | ၁၉၂၂ | ၁၉၉၄ |
| HSD (500 ppm) | ၂၁၀၁ | ၂၁၇၂ |
| HSD (50 ppm) | ၂၁၇၄ | ၂၂၄၇ |
| HSD (10 ppm) | ၂၁၇၄ | ၂၂၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၀၊ ၀၉-၆၉၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရှမ်းပြည်နယ်အလှ တောင်ချွန်းမြို့(ခေါ်) လွိုင်လင်တောင်သို့ တက်ခဲ့သည်

စိုင်းဇော်လတ်(လင်းခေး)

မြန်မာနိုင်ငံတစ်ဝန်းရှိ အမြို့မြို့ အနယ်နယ် အရပ်ရပ်တွင် စိမ်းလန်းသာယာလှပသော သဘာဝရေမြေတောတောင် အထင်ကရနေရာများစွာ တည်ရှိကြပါသည်။

အလားတူ စာရေးသူတို့နေထိုင်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ခရိုင်မြို့တစ်မြို့ဖြစ်သည့် တောင်ချွန်းမြို့ (ခေါ်) လွိုင်လင်မြို့သည်လည်း ဆောင်းရာသီ အခါသမယနှင့်အတူ မြို့ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး၌ ဆောင်းနှင်းဖွေးဖွေး ဝန်းရံအုံ့ဆိုင်းလျက် အေးချမ်းသာယာလှပလျက်ရှိပါသည်။

**လွိုင်လင်မြို့၏ အထင်ကရနေရာ**

ထိုအေးချမ်းသာယာ လှပခြင်းများအနက် လွိုင်လင်မြို့နှင့် အမြင်သာအနီးလေးဟုထင်ရသော်လည်း ခရီးဝေးသည့် တောင်ချွန်း(ခေါ်) လွိုင်လင်တောင်ကြီးကို မြို့ပေါ်မှ လှမ်းမျှော်ရှုလိုက်လျှင် မြူခြေဆိုင်းဆိုင်း မြင်တိုင်းလှနေပေသည်။ လွိုင်လင်မြို့၏ အထင်ကရနေရာ (Land Mark)တစ်နေရာကိုပြပါ ဆိုခဲ့လျှင် “တောင်ချွန်း”က မပါမပြီးဖြစ်ပေသည်။ ထို့ကြောင့် အစိုးရရုံးပိတ်အားလပ်ရက်ဖြစ်သော နှစ်သစ်ကူးနေ့နှင့် အခြားအားလပ်ရက်များတွင် လွိုင်လင်မြို့သူမြို့သားများနှင့် အခြားရပ်နီးရပ်ဝေးရှိ ပြည်သူတို့သည် ဒေသန္တရအထင်ကရနေရာအသီးသီးသို့ သွားရောက်လည်ပတ် အပန်းဖြေအနားယူလေ့ရှိကြသည်မှာ အစဉ်အလာတစ်ခုဟု ဆိုနိုင်ပေသည်။

သို့ဖြစ်၍ နှစ်စဉ်နှစ်တိုင်း နှစ်သစ်ကူးနေ့သို့မဟုတ် သီတင်းကျွတ်၊ တန်ဆောင်မုန်းလပြည့် အခါတော်နေ့များတွင်လည်းကောင်း၊ မြန်မာတို့ရိုးရာအတာသင်္ကြန်ကာလ၊ ဒီဇင်ဘာအားကစားလနှင့် ခရစ္စမတ်နေ့တို့တွင်လည်းကောင်း ဤလွိုင်လင်တောင်ချွန်းသို့ အများပြည်သူ တက်ရောက်လေ့ရှိကြောင်း မြင်တွေ့နိုင်ပါသည်။

**လွိုင်လင်တောင်တက်ခရီးစဉ်**

ထို့ကြောင့် လွိုင်လင်မြို့ဒေသခံမိတ်ဆွေ တချို့တို့နှင့်အတူ စာရေးသူသည် ဤနှစ်သစ်ကူးနေ့အမှတ်တရ လွိုင်လင်တောင်တက်ခရီးစဉ်သို့ တက်ရောက်ခွင့်ရခဲ့သည့် အတွေ့အကြုံအနည်းငယ်ကို အများပြည်သူအတွက် ဗဟုသုတအဖြစ်ရစေလိုခြင်း အကျိုးမျှော်ကိုးလျက် လွိုင်လင်တောင်တက်ခရီးသွားအတွေ့အကြုံ တစ်စိတ်တစ်ဒေသကို ရေးသားတင်ပြလိုက်ရသည်။

လွိုင်လင်တောင်ချွန်းသည် မြို့နှင့် ရှစ်မိုင်ခန့်အကွာတွင်ရှိပြီး အမြင့် ၆၂၆၂ ပေရှိကာ လွိုင်လင်မြို့နယ်ဒေသတွင်း အမြင့်ဆုံးတောင်တစ်တောင်ဖြစ်ကြောင်း ဒေသခံများထံမှ သိရပါသည်။

စာရေးသူတို့အဖွဲ့သည် ယင်းနေ့နံနက် ၅ နာရီ



* လွိုင်လင်မြို့နှင့် အမြင်သာအနီးလေးဟုထင်ရသော်လည်း ခရီးဝေးသည့် တောင်ချွန်း(ခေါ်) လွိုင်လင် တောင်ကြီးကို မြို့ပေါ်မှ လှမ်းမျှော်ရှုလိုက်လျှင် မြူခြေဆိုင်းဆိုင်း မြင်တိုင်းလှနေပေသည်။ လွိုင်လင်မြို့၏ အထင်ကရနေရာ (Land Mark) တစ်နေရာကိုပြပါဆိုခဲ့လျှင် “တောင်ချွန်း”က မပါမပြီး ဖြစ်ပေသည်။ ထို့ကြောင့် အစိုးရရုံးပိတ်အားလပ်ရက်ဖြစ်သော နှစ်သစ်ကူးနေ့နှင့် အခြားအားလပ်ရက်များတွင် လွိုင်လင်မြို့သူ မြို့သားများနှင့် အခြားရပ်နီးရပ်ဝေးရှိ ပြည်သူတို့သည် ဒေသန္တရအထင်ကရ နေရာအသီးသီးသို့ သွားရောက်လည်ပတ် အပန်းဖြေအနားယူလေ့ရှိကြသည်မှာ အစဉ်အလာတစ်ခုဟု ဆိုနိုင်ပေသည်

အိပ်ရာထ၊ သွားတိုက်မျက်နှာသစ်နှင့် လိုအပ်သည့် ဝေယျာဝစ္စအထွေထွေ ပြင်ဆင်ဆောင်ရွက်ကြရသည်။ တောင်ထိပ်အရောက်နှင့် တောင်တက်လမ်းကြား၌ အမောအပန်းဖြေ အဆာပြေစားသုံးနိုင်ရန် သောက်ရေသန့်၊ ထမင်းဟင်း၊ ဆီချက်ခေါက်ဆွဲ၊ ရှမ်းခေါက်ဆွဲ၊ ရှမ်းကောက်ညှင်းပေါင်းနှင့် တိုဟူးကြော် အစရှိသော စားသောက်ဖွယ်ရာများကိုလည်း တစ်ပါတည်း ပြင်ဆင်ယူဆောင်လာခဲ့ကြရပါသည်။

တောင်အတက်လမ်း၌ အမောပြေစားသုံးရန် လက်ရှိကာလပေါ် လိမ္မော်သီးက အကောင်းဆုံးဟု ဆိုရပေလိမ့်မည်။ ထို့ပြင် ပန်းသီး၊ စပျစ်သီးနှင့် ရာသီပေါ် အခြားသီးနှံ၊ မုန့်ပဲသရေစာများ ယူဆောင်လာကြသူများလည်း ရှိကြပါသည်။ ယင်းနောက် တောင်ခြေလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် စတင်ခရီးနှင်ခဲ့ကြပါသည်။ တောင်ပေါ်တက်ရောက်ရန် မြို့တွင်းမှ မော်တော်ကား၊ ဆိုင်ကယ်စီးနင်းလာလျှင် လွိုင်လင်တောင် တောင်ခြေရှိ “ပန်းတိုင်ရွာ” အရောက် မိနစ် ၃၀ ခန့် အချိန်ကြာမြင့်သည်။ ပန်းတိုင်ရွာတောင်ခြေ မှ ခြေကျင်ဖြင့် တောင်ထိပ်အရောက် နာရီဝက်ခန့် ထပ်မံတက်ကြရပါသည်။

**တောင်ချွန်းရွှေထီးစေတီ၊ ငွေထီးစေတီ**

တောင်ထိပ်အရောက်တွင် တောင်ချွန်းရွှေထီးစေတီ၊ ငွေထီးစေတီ ကျောင်းထိုင်ဆရာတော်၊ သံဃာတော်များ သီတင်းသုံးသည့် ကျောင်းဆောင်သို့ ဦးစွာရောက်ရှိမြင်တွေ့နိုင်ပါသည်။

ယင်းကျောင်းဆောင်အနီးရှိဓမ္မာရုံ အဆောက်အအုံတွင် တောင်ထိပ်သို့ ရောက်ရှိလာခဲ့သူများအားလုံးက ကျောင်းတွင် ဆီမီးပန်းကပ်၊ ဆရာတော်ထံ ဦးချကန်တော့၊ လှူဖွယ်ဝတ္ထု အစုစုတို့ (ပါရှိလာပါက) ဆက်ကပ်လှူဒါန်းခြင်းများ ပြုကြသောမြင်ကွင်းများကလည်း လာရောက်သူအပေါင်းနှင့် မြင်တွေ့ရသူအပေါင်း၏ စိတ်နှလုံးအား ရွှင်လန်းချမ်းမြေ့စေနိုင်ပါသည်။

ထို့နောက် တောင်ပေါ်ရောက်ရှိလာသူများက ကျောင်းဆောင်တွင် ခေတ္တအပန်းဖြေအနားယူရင်း၊ မောပန်းဆာလောင်မွတ်သိပ်ခြင်းတို့ကို ပါရှိလာသော အစားအစာများဖြင့် ဖြည့်ဆည်းကြပါသည်။ ဆိုခဲ့သည့်အတိုင်း အားလပ်ရက် အပန်းဖြေအနားယူထွက်ကြရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ နမ့်စန်ခရိုင်အတွင်းရှိ ရပ်ဝေးရပ်နီးပြည်သူများသာမက လွိုင်လင်ဇာတိဖွား အဝေးရောက် လွိုင်လင်သူ လွိုင်လင်သားများသည် ဤကာလတွင် မိမိတို့ ဇာတိမြေ၏ အထင်ကရ လွိုင်လင်တောင်ချွန်းတက်ခရီးကို မဖြစ်မနေ တက်ရောက်လိုသည့် ဆန္ဒရည်ရွယ်ချက်များ ထားရှိကာ မည်သည့်နေရာဒေသတွင် နေထိုင် နေစေကာမူ ဇာတိမြို့သို့ တကူးတကပြန်လာကြပြီး တောင်ချွန်းလာတက်ကြကြောင်း အဝေးရောက် လွိုင်လင်ဇာတိဖွားတစ်ဦးက ပြောသည်။

စာရေးသူအနေဖြင့် လွန်ခဲ့သော ဆယ်စုနှစ်သုံးစုခန့်တွင် လွိုင်လင်မြို့၌ ပညာသင်ကြားနေထိုင်ခဲ့ဖူးသော်လည်း တောင်ချွန်းတောင်တက်ပွဲသို့ တစ်ကြိမ်တစ်ခါမျှ မပါဝင် မတက်ရောက်ခဲ့ဖူးသေးပါ။

၂၀၂၃ နှစ်သစ်ကူးရုံးပိတ်ရက်နေ့တွင် လွိုင်လင်မြို့နှင့် ၆၈ မိုင်အကွာရှိ လင်းခေးမြို့မှ လာရောက်ကာ လွိုင်လင်တောင်တက်ပွဲ ပထမဆုံးအတွေ့အကြုံအဖြစ် ရရှိစေခဲ့ပါသည်။

လွိုင်လင်မြို့သူ မြို့သားများ၊ အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များသည်လည်း နှစ်သစ်ကူးနေ့နှင့် (ဖော်ပြခဲ့ပြီး) အစိုးရရုံးပိတ်ရက် အများပြည်သူ အားလပ်ရက်အချိန်အခါများရောက်လျှင် တောင်ချွန်းသို့ လာရောက်အပန်းဖြေအနားယူလေ့ရှိကြပါသည်။

**တောင်ချွန်းမြို့(ခေါ်) လွိုင်လင်မြို့**

တောင်တက်နေရာအစ ပန်းတိုင်ရွာ(တောင်ခြေ)မှ တောင်ချွန်းပေါ်သို့ စတင်တက်ရောက်နေကြသောသူများ၊ တောင်တက်လမ်းတစ်လျှောက် အအေးဓာတ်ကို အံတု၊ ခြေတစ်လှမ်းချင်း တစ်လှမ်းချင်း ခွန်အားယူလျက် တက်နေသူတို့အား ဆောင်းနှင်းဖွေးဖွေးအကြား မြင်တွေ့ရသည်မှာလည်း လွိုင်လင်တောင်ချွန်းတက်ပွဲကို ပိုမိုထင်ဟပ် ပေါ်လွင်စေပါသည်။ ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ ၄၄၄၇ ပေရှိ လွိုင်လင်မြို့အား ရှမ်းဘာသာစကားအားဖြင့် “လွိုင်လျင်မ်”၊ လွိုင်ဆိုသည်မှာ (တောင်)၊ လျင်မ်ဆိုသည်မှာ (အချွန်းအချွန်း) သို့မဟုတ် “ချွန်သော”ဟူသည့် အဓိပ္ပာယ်အား အစွဲပြု၍ တောင်ချွန်းမြို့(ခေါ်) လွိုင်လင်မြို့အဖြစ် သမုတ်ခေါ်ဝေါ် အမည်တွင်လာခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပါကြောင်း လွိုင်လင်မြို့သူမြို့သား ဒေသခံများထံမှ သိရှိခဲ့ရပါသည်။ *စာမျက်နှာ ၁၇ သို့*



လွိုင်လင်မြို့ကို တောင်ချွန်းတောင်ပေါ်မှ ကြည့်ရှုနေသူများ။



တောင်ချွန်းတောင်ပေါ်မှ စေတီတော်များတွင် ဖူးမြော်နေသူများ။

## ကျောက်တန်းမြို့နယ် မြို့နယ်သံဃနာယကရုံးဖွင့်ပွဲနှင့် ရွှေမှော်ဝန်းသာသနာ့ဗိမာန် အကြီးစားပြန်လည်မွမ်းမံမှုအောင်မြင်ပြီးစီး

ကျောက်တန်း ဇန်နဝါရီ ၇

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောက်တန်းမြို့နယ် မြို့နယ် သံဃနာယကရုံးသစ်ဖွင့်ပွဲနှင့် ရွှေမှော်ဝန်းသာသနာ့ဗိမာန် အကြီးစားပြုပြင်မှုအောင်ပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ်သံဃနာယကရုံးရှေ့၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောက်တန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကမာဆွဲဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌ၊ အဓိဋ္ဌာန်အောင်ဆရာတော် ဘဒ္ဒန္တ သုမန၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့် အလှူရှင် ဦးလှဝင်းတို့က ကျောက်တန်းမြို့နယ် သံဃနာယကရုံးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး နိုင်ငံတော် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသက ကျောက်တန်းမြို့နယ် သံဃနာယကရုံး ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒစရိယ ကန်ပြောင်အရှေ့ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုန္ဒရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ရေစက်ချတရားနာယူကာ ရဟန်းသာမဏေ၊ သီလရှင် ၄၆၉ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြောင်း သိရသည်။

**စိုးဝင်း (ကျောက်တန်း)**

## ရေကြည်မြို့၌ ပြည်သူများ ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရန် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်ပေး

ရေကြည် ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရေကြည်မြို့၌ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အားလျော့နည်းမှု မဖြစ်စေရေးအတွက် ဗို့အားကျဆင်းသော ရပ်ကွက်များတွင် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ သုံးရုံတိုးချဲ့တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများ လဲလှယ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဗထူးရပ်ကွက် ဗထူး(၅)လမ်းရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ကြံ့ခိုင်မှုအားနည်းနေသော သံတိုင်နှင့်ဒေသလောင်း ကျောက်တိုင်ကို ၁၀ မီတာ ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်း၊ ၁၁ ကေဗွီ မြို့တွင်းလိုင်းရှိ ကြိုးဆိုက်သေးငယ်သော 35 mm2 ကြိုးကို AWOC 95 mm2 ဖြင့် အစားထိုးလဲလှယ်ပေးခြင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကို Insulated Cable 95 mm2 ဖြင့် အစားထိုးလဲလှယ်ပေးခြင်း၊ ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို ၂၀၂၂-၂၀၂၃ တိုင်းဒေသကြီးရန်ပုံငွေဖြင့် Nasin Thu Engineering ကုမ္ပဏီလီမိတက်နှင့် Min Chan phyo ကုမ္ပဏီလီမိတက်တို့က တာဝန်ယူ တည်ဆောက်လျက်ရှိရာ ယနေ့အထိ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မင်းဇော်ဦး (ရေကြည်)**



## ရွှေစက်တော်ဘုရားပွဲတော်ကာလအတွင်း မန်းချောင်း အပန်းဖြေဆင်စခန်း၌ ဆင်လိမ္မာလေးများ ကပြဖျော်ဖြေသည့်အစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးမည်

မင်းဘူး ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း၌ ယခုနှစ်တွင် ထူးခြားမှု တစ်ရပ်အနေဖြင့် ဆင်လိမ္မာလေးများ၏ ကပြဖျော်ဖြေ ညှော့ခံသည့် အစီအစဉ်များဖြင့် ဆင်စခန်းတွင် လာရောက် အပန်းဖြေ ကြည့်ရှုကြသည့် ဧည့်ပရိသတ်များအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးထက်နိုင်အောင်ထံမှ သိရသည်။

ဆင်လိမ္မာလေးများက သစ်ဆွဲပြခြင်း၊ လမ်းလျှောက်ပြခြင်း၊ ထီးဆောင်းခြင်း၊ ဦးထုပ်ဆောင်းခြင်း၊ ကပြခြင်း စသော သရုပ်ပြ ကပြခြင်း အစီအစဉ်များနှင့်အတူ ဆင်စခန်းသို့ လာရောက် အပန်းဖြေကြသော ခရီးသွားပြည်သူများ စိတ်အေးချမ်းစေရန် ပန်းအလှပင်များ စိုက်ပျိုးထားခြင်း၊ ရေချိုးပြီး ယာယီနားခိုနိုင်ရန် ယာယီတည်းကျောင်း ၁၅ လုံးဆောက်လုပ်ထားခြင်း၊ ရှုခင်းများ ကြည့်ရှုနိုင်ရန်နှင့် အလှဓာတ်ပုံများရိုက်ရန် ဝါးတံတား ဆောက်လုပ်ထားခြင်း စသည့်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ထားကြောင်း သိရသည်။

ဆင်စခန်းကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားရှိပြီး မည်သူမဆို အပန်းဖြေကြည့်ရှုလေ့လာနိုင်ကာ ဝင်ကြေးအဖြစ် ပြည်တွင်းခရီးသွား တစ်ဦးလျှင် ကျပ်တစ်ထောင်နှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည် တစ်ဦးလျှင် ကျပ်တစ်သောင်း ကောက်ခံလျက်ရှိပြီး ရပ်ဝေးမှလာရောက်သူများ ညအိပ်တည်းခိုလိုပါက တည်းခိုဆောင် ၁၁ လုံးရှိကာ တစ်ခန်းလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် တည်းခိုနိုင်ကြောင်းလည်း သိရသည်။

ရွှေစက်တော် မန်းချောင်းအပန်းဖြေ ဆင်စခန်းကို ပြည်တွင်းပြည်ပ ခရီးသွားများအား ဆွဲဆောင်နိုင်စေရန်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပဒေါင်း-ပျော်ဘွယ် ကားလမ်းဘေး၌ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာ့သစ်လုပ်ငန်း မင်းဘူးသစ်ထုတ်ရေးဒေသ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုလုပ်ငန်းက ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရပ်နီးရပ်ဝေးမှ ခရီးသွားပြည်သူများအနေဖြင့် မန်းရွှေစက်တော် ပါဒစေတီတော်များအား ဖူးမြော်ရင်း တောတောင်ရေမြေ သဘာဝအလှ ရှုခင်းများကို ဆင်စီး၍ အပန်းဖြေ ကြည့်ရှုနိုင်မည် ဖြစ်သည်။



မန်းချောင်း အပန်းဖြေဆင်စခန်းမှ ဆင်လိမ္မာများနှင့် ဆင်ဦးစီးများ။

**ဇေယျာထက်(မင်းဘူး)**

*စာမျက်နှာ ၁၆ မှ*

"တစ်မူးရှိလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား"ဟု အဆိုရှိခဲ့သည့်အတိုင်း လွိုင်လင်မြို့နယ်အတွင်းရှိ တာဝန်ရှိသူများ၊ တောင်ပေါ်ကျေးရွာနေ ဆရာတော် သံဃာတော်များနှင့် ဆရာဒကာ စုပေါင်း၍ ထိုလွိုင်လင်တောင်ချွန်းတောင်ထိပ်ပေါ်၌ ရွှေထီးစေတီတစ်ဆူနှင့် ငွေထီးစေတီတစ်ဆူ၊ ပေါင်းစေတီနှစ်ဆူကို စေတနာရှင် အလှူရှင်များ၊ ကျေးရွာသူ ကျေးရွာသားများက လွန်ခဲ့သော နှစ်အနည်းငယ်က သဘာဝဘေးဒဏ်သင့် ပြိုကျပျက်စီးသွားခဲ့သည့် စေတီဟောင်းအား ပြန်လည်ပြုပြင်မွမ်းမံခြင်း အစီအစဉ်ဖြင့် ပြုပြင်ခဲ့ကြရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်က ထီးတော်တင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး ယနေ့ထိတိုင် တည်ထားကိုးကွယ် ဖူးမြော်လျက်ရှိကြောင်း စေတီသမိုင်းကြောင်းများအရ လေ့လာသိရှိခဲ့ရပါသည်။

### တိမ်ပင်လယ်များအကြားမှ လွိုင်လင်မြို့ပြအလှ

အဆိုပါ ပန်းတိုင်ရွာ တောင်ခြေနေရာသို့ မရောက်မီ မော်တော်ကား၊ ဆိုင်ကယ်တို့ဖြင့် မောင်းနှင် စီးနင်းလာရင်း နေစတင်ထွက်ပေါ်လာချိန်ကို မြင်တွေ့ခံစားနိုင်သကဲ့သို့ ပန်းတိုင်ရွာတောင်ခြေမှ တောင်ထိပ်အတက်လမ်းကြော အကွေ့အကောက်များ၊ တောင်ချွန်းပတ်ဝန်းကျင်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာရှိ ကျေးရွာများ သာမက တောတောင်သဘာဝရှုခင်း အလှများကိုလည်း မြင်တွေ့ငေးမော ခံစားနိုင်ပါသည်။ အမှတ်တရဓာတ်ပုံများကို ရိုက်ကူးရယူသွားနိုင်ပါသည်။ နေထွက်ခါစ တိမ်ပင်လယ်ရှုခင်းများကို ကြည့်ရှုခံစားနိုင်ပါသည်။ တိမ်ပင်လယ်များအကြားမှ မှိုင်းပြပြ လွိုင်လင်မြို့ပြအလှကို ပြန်လှည့်ရှုမြင်ခံစားနိုင်ပါသည်။

မိုင်းပွန်မြို့နှင့် တောင်ချွန်းစေတီကုန်းပြင်အနီး တစ်ဝိုက်ရှိ ကျေးရွာအလှများ၊ လိမ္မော်၊ ချယ်ရီ၊ လက်ဖက်စိုက်ခင်းများကိုလည်း မြင်တွေ့ခံစားနိုင်ပါသည်။

လွိုင်လင်တောင်ချွန်းတက် အမှတ်တရ အလှဓာတ်ပုံ/ ဗီဒီယိုမှတ်တမ်းများ ရိုက်ကူးရယူနေသူများဖြင့် လွိုင်လင်တောင်ချွန်းတက်ပွဲ၏ မြင်ကွင်းအလှများသည် ရှမ်းတောင်တန်းကြီးအလှပေါ် အယဉ်ဆင့်သာယာရှုမောနေပါတော့သည်။

အချုပ်အားဖြင့်ဆိုရလျှင် ဆောင်းရာသီကာလ အစိုးရရုံးပိတ်ရက်များ၊ အများပြည်သူအားလပ်ရက်များတွင် တောင်ချွန်းမြို့(ခေါ်) လွိုင်လင်မြို့၏ "တောင်ချွန်း" တောင်တက်ခြင်းအားဖြင့် စာရေးသူနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြသည့် အများပြည်သူအားလုံးတို့အတွက် တစ်နှစ်တာအတွင်း မောပန်းနွမ်းနယ်ခဲ့ရမှုများကို အပန်းဖြေအနားယူစေနိုင်ခြင်း အကျိုးရရှိစေသည် သာမက ကျန်းမာရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလိမ့်မည်ဟု ခံစားယုံကြည်မိလျက် ၂၀၂၃ ခုနှစ် နှစ်သစ်ကူးခါသမယ အစိုးရရုံးပိတ်ရက်တွင် စာရေးသူတို့အဖွဲ့ လွိုင်လင်တောင်ချွန်း တောင်ပေါ်သို့ တက်ရောက်ခဲ့သည့်ခရီးစဉ်မှ ကြုံတွေ့ခဲ့ရသည်များကို တစေ့တစောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ခါတစ်ခေါက် လာရောက် လည်ပတ်စေချင် စစ်ကိုင်းတစ်ခွင်

**စစ်ကိုင်းတိုင်းဒေသကြီးသည် သာသနာထွန်းကားရာ နယ်မြေတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံရှိ ထင်ရှားကျော်ကြားသောဘုရားများ ကိန်းဝပ်ရာဒေသလည်း ဖြစ်သည်။ စစ်ကိုင်းတိုင်း၏ ထူးခြားသောယဉ်ကျေးမှုများကို ကမ္ဘာတစ်ဝန်းရှိ ဧည့်သည်များ လာရောက်လေ့လာနိုင်သည်။ သမိုင်းဝင်နေရာများဖြင့် လှပသောစစ်ကိုင်းတိုင်းဒေသကြီးသည် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအမွေအနှစ်များနှင့်အတူ ရှေးဟောင်းအဆောက်အအုံများလည်း များစွာရှိသည်။**

**ဒေါက်တာ တင်မာမာဦး( စစ်ကိုင်း)**

စစ်ကိုင်းဟုဆိုကြလျှင် စစ်ကိုင်းတောင်၊ မင်းဝံတောင်နှင့် မင်းကွန်းဒေသများသည်လည်း ခွဲခြား၍ မရသောအရာများ ဖြစ်သည်။ စစ်ကိုင်းတောင်ပေါ်တွင် ရာပေါင်းများစွာသောဘုရားများကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တွေ့မြင်နိုင်သည်။ စစ်ကိုင်းတောင်နှင့် မင်းကွန်းဒေသများသည် တရားအားထုတ်ရာ စခန်းများဖြင့်လည်း လှူသိများလှသည်။ ဧရာဝတီမြစ်နှင့် အပြိုင် တည်ရှိနေသော စစ်ကိုင်းတောင်ရိုးပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားစေတီပုထိုးများ၏ ခံ့ညားလှပသော ရှုခင်းများသည်လည်း လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဆွဲဆောင်မှုတစ်ခု ဖြစ်သည်။

**အံ့မခန်းဖွယ်ရာမြင်ကွင်းများကို တွေ့နိုင်**

ဧယျာရွှေမြေသို့ လာရောက်လည်ပတ်သည့် ဧည့်သည်များအနေဖြင့် ရွှေရောင်လွှမ်းနေသော ဘုရားများ၏ အံ့မခန်းဖွယ်ရာမြင်ကွင်းများကို စစ်ကိုင်းတစ်ဝိုက်တွင် တွေ့နိုင်သလို တိုင်းဒေသကြီးအတွင်းရှိ နာမည်ကြီး ဘုရားတစ်ဆူဖြစ်သော မင်းကွန်းပုထိုးတော်ကြီးကို လေ့လာနိုင်ရန်အတွက် မင်းကွန်းသို့လည်း ခရီးဆက်နိုင်သည်။

သမိုင်းမှတ်တမ်းများအရ မင်းကွန်းပုထိုးတော်ကြီးကို ၁၁၅၂ ခုနှစ်တွင် စတင်အုတ်မြစ်ချဆောက်လုပ် ခဲ့ပြီး အမြင့် ၁၆၂ ပေရှိ၍ ဌာပနာတိုက်ပေါင်း ၂၀ တိုက်တွင် ဘုရား၊ ရဟန္တာတို့၏ခွတ်တော်မွေတော်များ၊ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ ရွှေ၊ ငွေရုပ်တုများ၊ ဗုဒ္ဓဝင်ရွှေ၊ ငွေရုပ်တုများ၊ ကုန်းဘောင်မင်းဆက် ဘုရင်များနှင့် ဆွေတော်မျိုးတော်များ၏ ရွှေရုပ်တုများကို ထည့်သွင်းပူဇော်ထားရှိကြောင်း သိရသည်။

မင်းကွန်းပုထိုးတော်ကြီးကို ဖူးမြော်ကြည်ညိုပြီးပါက အနီးရှိ ဘုံခုနစ်ဆင့် ဝန်းရံထားသော မြသိန်းတန်စေတီ၏ ခမ်းနားမှုများကိုလည်း တွေ့နိုင်သည်။ အဆိုပါ မြသိန်းတန်စေတီတော်မြတ်ကြီးမှာ မင်းကွန်းခေါင်းလောင်းတော်ကြီး၏ မြောက်ဘက် ကိုက် ၅၀၀ ခန့်အကွာတွင် တည်ရှိ၍ ၁၁၆၃ ခုနှစ်တွင် ဘကြီးတော်ဘုရား တည်ထားကိုးကွယ်ခဲ့သည်။

**မင်းကွန်းဒေသကို ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိ**

ဘုရားအတွင်းနှင့်တန်ဆောင်းများတွင် ဗုဒ္ဓဘာသာဝင်တို့၏ ဒဏ္ဍာရီလာ မာရ တောင်တန်းများနှင့် စူဠာမဏိဘုရားပုံတို့ကို ပုံဖော်ရေးဆွဲထားခြင်းသည် အခြားသော မြန်မာဘုရားများနှင့်မတူဘဲ ကွဲပြားနေပါသည်။ ဉာဏ်တော်အမြင့်မှာ ၃၂၀ ပေမြင့်မားပြီး စေတီတော်တည်ဆောက်ပုံ ဆန်းကြယ်ခြင်းနှင့် စေတီတော်ပေါ်မှ မင်းကွန်းဒေသ၏ အလှအပကို ကြည့်ရှုခံစားနိုင်သဖြင့် ပြည်တွင်းပြည်ပ ဘုရားဖူး ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိသည်။

မြသိန်းတန်ဘုရားသည် ၁၈၃၈ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော်လည်း ၁၈၇၄ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးသည် နဂိုမူလအတိုင်း ပြန်လည်မွမ်းမံခဲ့ပါသည်။

**တစ်နှစ်ထက်တစ်နှစ် ငလျင်လှုပ်ခတ်မှုများ ပိုမိုစိပ်လာ**

စစ်ကိုင်းနှင့် အတူ နာမည်ကြီးသည်က စစ်ကိုင်းပြတ်ရွေ့ (Sagaing Fault) ဖြစ်သည်။ အဆိုပါ စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံ တောင်ဘက်သို့ ရွေ့လျားနေသော India Plate နှင့် Eurasian Plate တို့ နှစ်ခုတွေ့ဆက်မှုကြောင့် ဖြစ်ပေါ်နေသော ပြတ်ရွေ့တစ်ခုဖြစ်သည်။ အဆိုပါ စစ်ကိုင်းပြတ်ရွေ့သည် အဆိုးရွားဆုံး ငလျင်ကြောကြီးတစ်ခုဖြစ်ပြီး



စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသ၏ ဘုရားစေတီမြင်ကွင်းများကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် မြသိန်းတန်စေတီ ပြင်ဆင်မှုများ ကွင်းဆင်းစစ်ဆေးနေမှုကို တွေ့ရစဉ်။

မြန်မာနိုင်ငံအဖျားပိုင်း ကချင်ပြည်နယ် ပူတာအိုအနီးမှ စတင်ကာ စစ်ကိုင်း ဂန့်ဂေါတောင်တန်း၏ အနောက်ဘက်ခြမ်း ပဲခူးရိုးမအရှေ့ခြမ်းကို ဖြတ်၍ မုတ္တမပင်လယ်ကွေ့အထိ တည်ရှိနေသည့် အလျား ၁၂၀၀ ကီလိုမီတာအထက်ရှိသည့် ပြတ်ရွေ့ကြောကြီး တစ်ခုဖြစ်သည်။ ပညာရှင်များ၏ လေ့လာသုံးသပ်ချက်များအရ စစ်ကိုင်းပြတ်ရွေ့၏ သက်တမ်းသည် နှစ်ပေါင်း ၁၀ သန်းခန့် ရှိနေပြီး ပျမ်းမျှအားဖြင့် နှစ်စဉ် ၁၈ မှ ၂၀ မီလီမီတာခန့် ရွေ့လျားနေကာ တစ်နှစ်ထက်တစ်နှစ် ငလျင်လှုပ်ခတ်မှုများ ပိုမိုစိပ်လာကြောင်း သိရှိရသည်။

မြန်မာနိုင်ငံသည် စစ်ကိုင်းပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ ကုလားတန် ပြတ်ရွေ့၊ ကဘော်ပြတ်ရွေ့ စသည့် ပြတ်ရွေ့ကြောကြီးများပေါ်တွင် တည် ရှိနေပြီး ယင်းငလျင်ကြောကြီးများသည် အင်အားရစ်ချ်တာစကေး ၆ နှင့် အထက် လှုပ်ခတ်နိုင်သည့် ငလျင်ကြောကြီးများ ဖြစ်သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့အနီး တောင်မြောက်တန်းလျက်ရှိသည့် ကဘော်ပြတ်ရွေ့၊ ပြင်ဦးလွင်အနီးမှစတင်ပြီး တောင်ကြီးမြို့အနီး တောင်မြောက်တန်းလျက် တည်ရှိနေသည့် ကျောက်ကြမ်းပြတ်ရွေ့၊ ရှမ်းပြည်နယ် မြောက်ပိုင်း အရှေ့ အနောက်တန်းလျက် တည်ရှိနေသည့် မိုးမိတ်ပြတ်ရွေ့စသည့် ငလျင်ကြောကြီးများအပြင် ငလျင်ပြတ်ရွေ့အသေး ၄၀ ခန့်ရှိကြောင်း ပညာရှင်များ၏ ဖော်ပြချက်များအရ ငလျင်ဒဏ်ကို အချိန်မရွေး ခံစားရနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် မြေငလျင်အန္တရာယ် အကြီးမားဆုံးနိုင်ငံများ စာရင်းတွင် ပါဝင်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် နံနက် ၃ နာရီ ၁၆ မိနစ်တွင် တံတားဦးမြို့၏ အရှေ့ဘက် လေးမိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၃ ဒီဂရီ၊ အနက် ၆၃ ကီလိုမီတာကို ဗဟိုပြုပြီး အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး အဆိုပါငလျင်ကြောင့် ရှေးဟောင်းအဆောက်အအုံများ၏ ထိခိုက်ပျက်စီးမှုအခြေအနေများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသအတွင်းရှိမြသိန်းတန်စေတီ၏ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော် ပြုတ်ကျခြင်း၊ အဝင်မုခ်ဦးနှင့် သီတာခုနစ်တန် တောင်ဘက်တို့၏နံရံများ အနည်းငယ်ကွာကျခြင်း၊ တောင်ဘက်ရှိ ခြင်္သေ့ကြီး၏ လက်မောင်းရင်း ယခင်ပွဲထားသောနေရာမှာ ထပ်မံ၍ အုတ်များပွဲကျခြင်း၊ မင်းကွန်းပုထိုးတော်ကြီး အနည်းငယ်အက်ကွဲခြင်း၊ စက်တော်ရာဘုရားမြောက်ဘက် အပေါ်ပိုင်း အက်ကွဲခြင်းနှင့် အင်္ဂတေပွဲကျခြင်းတို့သာ ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ဒီဇင်ဘာ ၂၂ ရက်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အဖွဲ့မှ မင်းကွန်းတောင်ရိုးရှိ စေတီပုထိုးများ ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံစစ်ဆေးခဲ့ရာ ရှေးဟောင်းသုတေသနပညာရှင်များမှ မင်းကွန်းဒေသတွင် အဆိုပါ ငလျင်ကြောင့် ပျက်စီးမှုများအနေဖြင့် အနည်းငယ်သာရှိကြောင်း၊ ကြီးမားသည့် ပျက်စီးမှုများ မရှိကြောင်း တင်ပြခဲ့ရာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မင်းကွန်းတောင်ရိုးမှ ဘုရားစေတီများအပါအဝင် ပျက်စီးမှုများ၊ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများမှ အမြန်ဆုံးဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားဇုန် ခြောက်ဇုန် ဖော်ထုတ်ထားရှိပြီးဖြစ်ရာ စစ်ကိုင်း၊ မင်းကွန်းဒေသသည်လည်း ခရီးသွားဧည့်သည်များအနေဖြင့် သွားရောက်လည်ပတ်ဗဟုသုတ ရှာမှီးနိုင်သည့် ဘုရားဖူးခရီးစဉ်များ၊ အခြားလည်ပတ်ရန် ခရီးစဉ်ဒေသများနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ တည်ရှိသဖြင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအနေဖြင့် လာရောက်လည်ပတ်ဘုရားဖူး ကုသိုလ်ယူနိုင်ကြပါရန် နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

**"ဘုရားအတွင်းနှင့် တန်ဆောင်းများတွင် ဗုဒ္ဓဘာသာဝင်တို့၏ ဒဏ္ဍာရီလာ မာရ တောင်တန်းများနှင့် စူဠာမဏိဘုရားပုံတို့ကို ပုံဖော်ရေးဆွဲထားခြင်းသည် အခြားသော မြန်မာဘုရားများနှင့်မတူဘဲ ကွဲပြားနေပါသည်။ ဉာဏ်တော်အမြင့်မှာ ၃၂၀ ပေ မြင့်မားပြီး စေတီတော်တည်ဆောက်ပုံ ဆန်းကြယ်ခြင်းနှင့် စေတီတော်ပေါ်မှ မင်းကွန်းဒေသ၏ အလှအပကို ကြည့်ရှုခံစားနိုင်သဖြင့် ပြည်တွင်း ပြည်ပ ဘုရားဖူးခရီးသွားဧည့်သည်များ လာရောက် လည်ပတ်လေ့ရှိ"**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁-၂၀၂၃ | တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(**မင်္ဂလသုတ်**)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "ဒီမိုကရေစီဆိုရာဝယ်"
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** "MRTV သံစုံတီးဝိုင်းပျော်ပွဲ ထုတ်လွှင့်မှုအစီအစဉ်"
**၁၁:၃၀** အသိပညာနှင့်အမှန်တရား "ဟာသမှုရသောအတွေးများ"
**၁၂:၃၀** This Week's Special Interest
**၁၃:၀၀** Weekly Local News Highlights
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာ့ဂန္ထဝင်ရုပ်ရှင် "**ပန်းသီတဲ့ကြိုး**" (နေအောင်၊ လွှမ်းမိုး၊ ခင်သီတာထွန်း) (ဒါရိုက်တာ–ဝင်းပေ)
**၁၆:၄၅** "Sports Diary"
**၁၇:၁၅** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ
**၁၇:၄၅** Economic Review
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** 'သုတဝေဖြာ…သိရှိဂေဟာ'
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ "**အတိုးမပေးတဲ့….နီးလေး**" (အပိုင်း–၂၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း "**အရှိအမှန်စကား**"
**၂၁:၂၅** ဘဝနှင့်အနုပညာ "**သီတာမှသည်တေးသံရှင်ဒိုင်ဝါသီ**" (အပိုင်း–၃)
**၂၁:၄၀** ဆေးရောင်စုံရုပ်ရှင် "**အဖြတ်နီးဆုံးနှင်း**" (ရန်အောင်၊ စိုးသူ၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ–သက်မောင်မောင်)

**mitv**

**07:01** Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
**07:10** Myanmar Traditional Brass Embossed Painting
**07:30** Mote Pel Sote from Intaing Village
**07:38** On the River
**08:01** News
**08:28** Colourful Lotus-Shaped Candles
**08:35** The Efficacy of Myanmar Traditional Medicine
**09:01** Let's Explore Organic Farming
**09:48** Today Myanmar
**10:01** News
**10:40** Perspectives: Property Investments In Myanmar
**11:01** Ngapali Beach: Fishing Villages
**11:08** Weekly Review

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)** မန်ကျည်းပင်၏ကောင်းကျိုးများ
**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)** "ဝ" ဥစိုက်ပျိုးခြင်း
**မွန် (၀၈:၀၀ မှ ၀၉:၀၀)** ဆေးပေါက်ဝင်ပေဒါပင်
**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)** သာယာပါသည်ရခိုင့်ဌာနီ
**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)** တို့ဟူးဖြူပြုလုပ်နည်း
**ဝ (၁၃:၀၀ မှ ၁၅:၀၀)** စပျစ်သီးစိုက်ပျိုးခြင်း
**ကချင် (၁၅:၀၀ မှ ၁၇:၀၀)** မနောအလှ
**ကယား (၁၇:၀၀ မှ ၁၉:၀၀)** သဘာဝအလှတရားရှိရာ ထီးစဲခါးရေတံခွန်ဆီ
**ပကြောကရင် (၁၉:၀၀ မှ ၂၁:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း–၁၄)
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကရင်ရိုးရာဖိနပ်လုပ်ငန်း
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကျွန်တော်တို့ရွာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** ပက်စိမ်းကွမ်းတောင်
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၄:၂၀** News Desk
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**အရိပ်တကြည့်ကြည့်**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း – အပိုင်း(၁)
**၁၁:၀၀** အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေးအကြောင်း
**၁၁:၃၀** 'အတွေးအမြင်' – အပိုင်း(၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၂၅** အကျိုးရှိစွာအသုံးချပါ ကိုင်းကျူးကိုင်းဆက်နည်းပညာ
**၀၇:၁၀** လယ်ယာထွက်စွန့်ပစ်ပစ္စည်းများမှ အဏုဇီဝ မြေဆွေးပုံများပြုလုပ်ခြင်းသုတေသန
**၀၇:၃၀** "မွေးမြူရေးရာ အဖြာဖြာ"
**၀၈:၂၀** "ပြုံးပန်းဝေဖြာတို့တောရွာ" အမှိုက်ထဲကရွှေ
**၀၈:၅၅** ဝင်ငွေတိုးပွားရွှေသခွား
**၀၉:၃၅** နိုင်ငံတကာဈေးကွက်ဆီသို့ အရောက်သွားမည့်မြန်မာ့ပဲတီစိမ်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မထီးကျေးရွာနေ မြထွန်းလင်း(ခ) ဖိုးကုလားသည် ၎င်းအသုံးပြုသည့် "Rpaytoo" Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင် ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့ အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ် ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ – ၁ – ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၆၇၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၆၅၄၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၄၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၃၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၃၀ ကျပ် | ၂၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၀ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၄၅ ကျပ် | ၁၉၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၁၀ ကျပ် | ၂၀၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၀၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၈ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၆၇၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၂ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၈၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၈၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၃၀၆ | ၂၆၆၂၂၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၃၅၃၇ | ၁၁၆၇၃၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၉၀၀၀ | ၃၅၀ | ၆၅၀၈၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၃ | ၁၄၇၀၀ |

ညီညီ – စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၀၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နှစ်ဆန်းပိုင်းတွင် အိန္ဒိယပို့ကုန် မြေထောက်ပဲနှင့် တရုတ်ပို့ကုန် နှမ်းနက်များ ဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်သွက်နေ

**မန္တလေး ဇန်နဝါရီ ၇**

၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းကာလတွင် မန္တလေးဈေးကွက်အတွင်း၌ အိန္ဒိယပို့ကုန်ဖြစ်သည့် မြေထောက်ပဲနှင့် တရုတ်ပြည်ပို့ကုန်ဖြစ်သည့် စမုံနက်နှမ်းများ ဈေးနှုန်းများမြင့်တက်ကာ အရောင်းအဝယ်သွက်နေကြောင်းမန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပို့ကုန်များသည် ယခုနှစ်စကာလတွင် ဈေးကွက်အတွင်းသို့ အဖွင့်ဈေးကောင်းများဖြင့် စတင်ဝင်ရောက်လာကြောင်း၊ မြေထောက်ပဲသည် ပြီးခဲ့သည့်နှစ် ကာလတူအချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ သာရှိခဲ့သော်လည်း ယခု စတင်ဝင်ရောက်ချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၃၅၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း၊ ထိုအတူ စမုံနက်နှမ်းမှာလည်း ပြီးခဲ့သည့်နှစ် ကာလတူအချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၈၅၀၀၀ ရှိခဲ့ရာမှ ယခုနှစ်စအချိန်တွင် သုံး တင်းဝင်တစ်အိတ်လျှင် ကျပ် ၂၇၀၀၀၀ ဈေးဖြင့် ဈေးနှုန်းများကောင်းမွန်ကာ အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က "အခုနှစ်စပိုင်းမှာပဲ မန္တလေးပဲဈေးကွက်ထဲမှာ အိန္ဒိယပို့ကုန်ဖြစ်တဲ့ မြေထောက်ပဲနဲ့ တရုတ်ပြည်ပို့ကုန်ဖြစ်တဲ့ စမုံနက်နှမ်းတွေ အမြင့် ဈေးနှုန်းများနဲ့ ဝင်ရောက်လာပါတယ်။ လက်ရှိအချိန်မှာ အိန္ဒိယပို့ကုန် မြေထောက်ပဲတွေဟာ ဧရာဝတီမြစ်ရိုးတစ်လျှောက် ဇန်းမော်၊ က သာ၊ ထီးချိုင့် စတဲ့ဒေသတွေက စတင်ဝင်ရောက်နေပါပြီ။ တရုတ်ပြည်ပို့ကုန်ဖြစ်တဲ့ စမုံနက်နှမ်းတွေဟာလည်း ရွှေဘို၊ စလင်း၊ ဆင်ဖြူကျွန်း၊ မုံရွာ၊ ပခုက္ကူ၊ ထီးချိုင့်၊ တကောင်းစတဲ့နယ်တွေက ဝင်ရောက်လာပါတယ်။ နှစ်စမှာတင် ဈေးတက်နေတာကြောင့် နောက်ပိုင်းမှာ အလားအလာကောင်းလာမှာပါ။ ဒီနှစ်အဖို့က သုံးနှစ်ကြာပိတ်ထားတဲ့ တရုတ်- မြန်မာ နယ်စပ်ကုန်သွယ်ရေးဂိတ်တွေကိုလည်း အခုလ ၈ ရက်မှာ စတင်ဖွင့်လှစ်တော့မယ်ဆိုတဲ့သတင်းကြောင့် အားလုံးဝမ်းမြောက်နေကြပါတယ်။ နယ်စပ်ကုန်သွယ်ရေးဂိတ်တွေ ဖွင့်လှစ်တော့မှာဖြစ်တာကြောင့် စိုက်ပျိုးရေးပို့ကုန်တွေနဲ့ အခြားပို့ကုန်တွေဟာ အလားအလာကောင်းမွန်နေပါတယ်" ဟု ပြောသည်။



လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်အတွင်း၌ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၆၃၀၀၀၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၆၄၀၀၀၊ နှမ်းဖြူသုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၆၀၀၀၀၊ မြေပဲလုံးဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၇၃၀၀၊ ပြောင်းဖူးစေ့တစ်တင်းဝင် တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ စသည့် ပေါက်ဈေးများဖြင့် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ရွှေဘိုခရိုင်နှင့် ရေဦးခရိုင်၌ နွေစပါးစီမံကိန်းအကောင်အထည်ဖော်ရန် စီစဉ်

**ရွှေဘို ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ရေဦးခရိုင်တို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစီမံကိန်းကို အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

"တောင်သူလယ်သမားတွေအတွက် သွင်းအားစုတွေ အလွယ်တကူရရှိပြီး အထွက်နှုန်းတိုးတက်အောင်၊ ဈေးနှုန်းခိုင်မာစွာ ရရှိအောင် ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားထုရော၊ ဝယ်ယူကြိတ်ခွဲကြတဲ့ အစုအဖွဲ့တွေရော ပိုးသတ်ဆေးရောင်းချသူအစုအဖွဲ့တွေပါ စုပေါင်းပြီး စီမံကိန်းအောင်မြင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ဦးဝင်းလှိုင်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ လယ်ယာကဏ္ဍလုပ်ကိုင်ကြမည့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေမြင့်မားလာခြင်းမှတစ်ဆင့် နိုင်ငံ့စီးပွားမြင့်လာစေရန် ရည်ရွယ်ပြီး နွေစပါးစီမံကိန်းကို အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ နွေစပါးစီမံကိန်း လျာထားချက်အနေဖြင့် ရွှေဘိုခရိုင်တွင် ဧက ၃၂၆၅၀၊ ရေဦးခရိုင်တွင် ဧက ၃၀၈၅၀ ကို စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး တောင်သူများ၏လိုအပ်ချက်နှင့် တင်ပြမှုရှိလာပါက နွေစပါးဧကများ တိုးတက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



နွေစပါးစီမံကိန်း အကောင်အထည်ဖော်ရန် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြီးခဲ့သော ဒီဇင်ဘာ ၆ ရက်က ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ကြမည့် တိုင်း/ခရိုင်အဆင့် ကော်မတီဝင်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကို ဒီဇင်ဘာ ၃၀ ရက်တွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက ဦးဆောင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်း**

# နတ်မောက်မြို့နယ်တွင် ပဲစင်းငုံ သီးညှပ်သီးသန့်များ ဈေးကောင်းရရှိ

**နတ်မောက် ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများ စိုက်ပျိုးသော ပဲစင်းငုံသီးညှပ် သီးသန့်များ ဈေးကောင်းရရှိ၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ပဲစင်းငုံကို သီးထပ်သီးညှပ်စိုက်ပျိုးကြတာက ပဲစင်းငုံဟာ ကုန်ကျစရိတ်အနည်းငယ်ပဲရှိပြီး ဈေးကွက်ကောင်းရင် တစ်ဧကနေ အကျိုးအမြတ် အများဆုံးရရှိနိုင်တဲ့ သီးနှံတစ်မျိုးဖြစ်လို့ တောင်သူတွေအနေနဲ့ ပဲစင်းငုံကို စိုက်ပျိုးကြတာ ဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ ပဲစင်းငုံတွေကို တစ်တန်းနဲ့တစ်တန်း ရှစ်တောင်ကွာထားပြီး အတန်းလိုက် စိုက်ပျိုးပါတယ်။ ပဲစင်းငုံကို နတ်တော်လမှာ စတင်ရိတ်သိမ်းပြီး ဈေးကွက်အနေနဲ့ အရင်နှစ်က ပဲစင်းငုံတစ်တင်းကို ကျပ် ၄၀၀၀၀ ရောင်းချရပြီး ဒီနှစ်မှာတော့ ကျပ် ၅၆၀၀၀ အထိ ရောင်းချရပါတယ်" ဟု ပဲစင်းငုံစိုက်တောင်သူတစ်ဦးက ပြောသည်။

**မူမူစန်း**

# မောက်မယ်မြို့ ငရုတ်သီးဈေးကောင်းသဖြင့် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုး

**မောက်မယ် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စုဒေသ၌ ငရုတ်သီးများ ဈေးကောင်းနေသောကြောင့် ငရုတ်စိုက်တောင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာကြကြောင်း ဟိုနမ့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ငရုတ်သီးကို မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးကြပြီး ကုလားအော်၊ ဗီယက်နမ် ၊ ကျောက်စိမ်း၊ ပင်နီ၊ ရှမ်းပွ စသည်ဖြင့် နေရာဒေသလိုက်၍ အမျိုးမျိုးခေါ်ကြသော်လည်း မောက်မယ်မြို့နယ် ဟိုနမ့်ဒေသ၌ ပအိုဝ်းငရုတ်သီးမျိုးကို အများဆုံး အသုံးများကြသည်။ ငရုတ်သီးအမှည့်များကို နေလှန်းရာတွင် ဖျာ/ မိုးကာ/အိမ်ခေါင်မိုးများပေါ်၌ လှန်းထားပြီး အခြောက်ခံထားကြသည်။

မောက်မယ်မြို့နယ် ဟိုနမ့်ဒေသရှိ ကျေးရွာများ၌ ယခင်နှစ်က ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ၈၅၀နှင့် ငရုတ်သီးခြောက် တစ်ပိဿာလျှင် ကျပ် ၃၂၀၀ မှ ၃၅၀၀ ခန့်သာ ဈေးရရှိခဲ့သော်လည်း ယခုနှစ်တွင် ငရုတ်သီးဈေးကောင်းပြီး ငရုတ်သီးစိမ်း တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၃၀၀၀ မှ ၃၅၀၀၊ အမှည့်တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ခန့်နှင့် ငရုတ်သီးခြောက် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ကျော် ဈေးရရှိ၍ ငရုတ်စိုက်တောင်သူများ အဆင်ပြေလာကြကာ ဟိုနမ့်ဒေသနှင့် ပန်းတန်ဒေသတစ်နယ်လုံး၌ ပအိုဝ်းငရုတ်သီးကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာကြကြောင်း ဟိုနမ့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# ကျောက်ဆည်မြို့နယ်အတွင်း ဈေးကွက်ဝင်ငှက်ပျောသီးများ ပိုမိုစိုက်ပျိုးလာ

**ကျောက်ဆည် ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကိုအဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ဈေးကွက်ဝင်သော ငှက်ပျောသီးနှံများကို မြေအောက်ရေနှင့် မိုးရေများဖြင့် ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။



ငှက်ပျောသီးစိုက်ပျိုးခြင်းသည် အလုပ်သမားရှားပါးခြင်းနှင့် သွင်းအားစုမြင့်မားခြင်းများမရှိသောကြောင့် တောင်သူများ ပိုမိုစိုက်ပျိုးလာခြင်းဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။ ငှက်ပျောစိုက်ရာတွင် တစ်ပင်ချင်းစိုက် (တစ်ပင်တန်း)နှင့် နှစ်ပင်တွဲစိုက် (စွယ်စုံ) စိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိပြီး စိုက်ပျိုးပြီး ရှစ်လအကြာတွင် အဖူးများထွက်ရှိကာ ၁၂ လအကြာတွင် စတင်ခုတ်ရောင်းရကြောင်း၊ နှစ်ပင်တန်း စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် အပင်ရေ ၈၀၀ ခန့်ဝင်ဆံ့ကြောင်း၊ ကုန်ကျမှုအနေဖြင့် စတင်စိုက်ပျိုးချိန်မှ အသီးများရောင်းချပြီး ပင်စည်ခုတ်လှဲရှင်းလင်းသည်အထိ ကျပ် ၁၀ သိန်းခန့် ကုန်ကျကာ ငှက်ပျောခိုင်တစ်ခိုင်လျှင် ငှက်ပျောအဖီး ခြောက်ဖီးသတ်မှတ်ကာ ငှက်ပျော အခိုင် ၄၀ ပါ နွားလှည်းတစ်စီးလျှင် ကျပ် ၁၈၀၀၀၀ ဈေးဖြင့်ရောင်းချရကြောင်း၊ ငှက်ပျောတစ်ဧကစိုက်ပျိုးထားပါက ပျမ်းမျှလှည်းအစီးရေ ၁၃ စီးမှ ၁၄ စီး ရောင်းချရကြောင်း အနောက်ရေဖျားတောကျေးရွာမှ ငှက်ပျောစိုက် တောင်သူများထံမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ငှက်ပျောသီးများကို တောင်နောက်၊ သင်တောင်း၊ အင်တိုင်း၊ ကြက်မင်းတွန်၊ ဖောင်ရွာ၊ ပတ္တာ၊ ပင်တလည်၊ ပြည်ပန်း၊ သမန္တလင်း၊ မြင်းကဘက်၊ မုန့်ပေါင်း၊ လက်ပန်ဇင်၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲကြောင်၊ ဇရစ်ခဲ၊ အုန်းကြောနှင့် ကြက်သားဟင်း ကျေးရွာများတွင် စိုက်ပျိုးထားကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**တင်တင်ထွေး**

# ဈေးကွက်အနေအထားအရ ကြံသကာဖိုများသို့ ကြံတင်ပို့ရောင်းချမှု တွင်ကျယ်လာ

**ပေါက်ခေါင်း ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ကြံစိုက်ပျိုးသူများအနေဖြင့် ကြံများကို သကြားထုတ်လုပ်သည့် ကြံစက်များသို့ တင်ပို့ရောင်းချရာတွင် တွက်ခြေမကိုက်သဖြင့် ဈေးကွက်အနေအထားအရ ကြံသကာထုတ်လုပ်သည့် ကြံသကာဖိုများသို့ ကြံရောင်းချမှု တွင်ကျယ်လာကြောင်း ကြံစိုက်ပျိုးသူများထံမှ သိရသည်။

"ပဲခူးတိုင်းအရှေ့ခြမ်း၊ အနောက်ခြမ်း ကြံစိုက်ပျိုးကြတာချင်းတူတယ်။ အရည်အသွေးလည်း သိပ်မကွာပေမယ့် ပဲခူးအရှေ့က ကြံဈေးပိုရတယ်။ အနောက်ခြမ်းဘက်စက်ရုံတွေက ဈေးသိပ်မရဘူး။ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နဲ့ မြေအမျိုးအစား သိပ်မကွာဘူး။ ဈေးကျတော့ အနောက်ခြမ်းက သိပ်မပေးဘူး။ အဲဒီလို ဈေးတိုးမပေးတဲ့အတွက် အခုနောက်ပိုင်းမှာ ကျွန်တော်တို့ဒေသဘက် ကြံစိုက်သူတွေက သကြားစက်ရုံတွေကို ကြံမသွင်းတော့ဘဲ ကြံသကာလုပ်ငန်းတွေကို ပို့ကြတာ များလာတယ်။ မနှစ်ကအထိတော့ ကြံစက်ရုံ(သကြားစက်ရုံ)တွေကို ပို့သေးတယ်။ ဒီနှစ်မှာ အရှေ့ခြမ်းစက်ရုံတွေက ကြံပေါက်ဈေးထွက်လာပြီး တစ်တန်ကို ကျပ် ၈၅၀၀၀ ပေးတယ်။ ကျွန်တော်တို့ဘက်ရတဲ့ဈေးထက် တစ်သောင်း ပိုရနေတယ်။ အဲဒီလိုဆို မကိုက်တော့ဘူးဆိုပြီး ကြံသကာချက်တဲ့ဆီကို ပို့ကြတာပါ"ဟု ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်မှ ကြံသီးနှံစီးပွားဖြစ်စိုက်ပျိုးနေသူ ဦးဝင်းဌေးက ပြောသည်။

ကြံဈေးနှုန်းများကို ကြံစက်ရုံနှင့် သကြားစက်များက နှစ်စဉ် ဈေးသတ်မှတ်ဝယ်ယူကြခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် ပေါက်ဈေးများအရ သန့်ရှင်းလတ်ဆတ်သော ကြံတစ်တန်လျှင် ကျပ် ၇၅၀၀၀ ကျပ်မှ ၉၀၀၀၀ အတွင်း ဈေးနှုန်းရရှိခဲ့ကြောင်း သိရသည်။

"ကြံစက်ရုံကိုရောင်းရင် ကြံတစ်တန်ကို ကျပ် ၅၉၀၀၀ လောက်ပဲ အသားတင်ကျန်တယ်။ ကြံသကာချက်ရင် တစ်တန်ကို ကျပ် ၈၀၀၀၀ လောက် ကျန်တယ်လေ။ သကြားစက်တွေ မပေါ်ခင်ကတည်းက တစ်နယ်လုံး ကြံစိုက်ကြတယ်။ ကြံသကာဖိုတွေကလည်း တစ်ရွာကို ဆယ်ဖိုကနေ ၂၀ ကျော်အထိ ရှိခဲ့တာပါ။ သကြားစက်တွေတည်တော့ ကြံသကာဖိုတွေကို ဖမ်းလို့ ကြံသကာဖိုတွေ ပျောက်သွားခဲ့သေးတာ။ အခုကျတော့လည်း ကြိုက်တာစိုက်၊ ကြိုက်တဲ့စက်ရုံရောင်း၊ စက်ရုံရောင်းလို့မကိုက်ရင် ကြံကြိတ်ဖိုတည်၊ ကြံသကာချက်ကြတယ်။ အခု ကျွန်တော်တို့ အနီးတစ်ဝိုက်မှာတင် ကြံသကာဖို ရှစ်ဖိုရှိတယ်။ တခြားရွာတွေမှာလည်း ရှိကြတယ်။ အတိအကျတော့ မသိပါဘူး"ဟု ၎င်းက ဆက်ပြောသည်။



ခုတ်သိမ်းပြီးသော ကြံများကို ရောင်းချရန် ကုန်တင်ကားပေါ် တင်ဆောင်ထားစဉ်။

ကြံစိုက်တောင်သူများ စိုက်ပျိုးထုတ်လုပ်နေသည့် ကြံသီးနှံများကို စစ်ကိုင်းတိုင်းဒေသကြီးရှိ ဂရိတ်ဝေါဝေမာစက်ရုံက အများဆုံးဝယ်ယူ၍ သကြားချက်လုပ်နေပြီး တစ်နှစ်လျှင် ကြံတန်ချိန် ၁၂ သိန်းဝန်းကျင် ဝယ်ယူနေကြောင်း သိရသည်။ ထို့ပြင် ရှမ်းပြည်နယ်နောင်ချိုရှိ ငွေရည်ပုလဲစက်ရုံ၊ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းရှိ အင်ငါးခွ စက်ရုံ၊ ပြည်မြို့ရှိ နဝဒေး သကြားစက်၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့ရှိ ဒုရင်ဗိုလ်စက်တို့အပါအဝင် ကျန်တိုင်းဒေသကြီးများရှိ ကြံစက်ရုံနှင့် သကြားစက်များမှလည်း ဝယ်ယူနေကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# မန္တလေး၌ ရာသီပေါ်သီးနှံဆီးသီးများ အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၇**

ယခုရာသီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းမှ စတင်ထွက်ရှိလာသည့် ရာသီပေါ်သီးနှံ ဆီးသီး (ထိုင်ဝမ်သီး) များ အထွက်နှုန်းကောင်းမွန်သည့်အပြင် အရောင်းအဝယ်သွက်၍ ဈေးကောင်းရရှိနေကြောင်း ဆီးသီးစိုက်ပျိုးသူ တောင်သူများက ပြောသည်။

လက်ရှိအချိန်တွင် ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချရာ၌ ဆီးသီးအလုံးကြီး ရှယ်စတစ်ဖာလျှင် ကျပ် ၁၅၀၀၀၊ ဒုတိယတန်းစား ဆီးသီးအသေး တစ်ဖာလျှင် ကျပ် ၉၀၀၀ မှ ၁၀၀၀၀ ဈေးရှိပြီး ဆီးသီးအသေးမှာ ဆာလာအိတ်ဖြင့် တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ နှင့် ဂျပ်ဖာဖြင့် တစ်ဖာလျှင် ကျပ် ၈၀၀၀ ဈေးတို့ဖြင့် ရောင်းချနေရကြောင်း၊ ရောင်းချရာတွင် ဝယ်လက်ပွဲစားများ အပြိုင်လုဝယ်နေကြသည့်အတွက် အရောင်းအဝယ်သွက်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဒီနှစ်ကတော့ ဆီးသီးပေါ်ဦးပေါ်ဖျား အချိန်မှာ ဈေးကောင်းရရှိနေပါတယ်။ အလုံးအကြီး၊ အလတ်၊ အသေးခွဲပြီးတော့ သူ့ဈေးနှုန်းနဲ့သူ ရောင်းချနေရပါတယ်။ လာမယ့် ဇန်နဝါရီလလယ်ပိုင်းနဲ့ ဖေဖော်ဝါရီလဆိုရင် လှိုင်လှိုင်ထွက်ပေါ်လာတော့မှာပါ။ ဒီနှစ်ကတော့ ဈေးကွက်ခိုင်မာမှာပါ။ ဒီဒေသမှာ ထိုင်ဝမ်ဆီးသီးတွေကို အများဆုံးစိုက်ပျိုးထားပါတယ်။ ဆီးသီးကို စားသုံးသူတွေအပြင် အချဉ်ပေါင်းလုပ်ငန်းတွေ၊ ယိုစုံလုပ်ငန်းတွေက အများဆုံးဝယ်ယူအသုံးပြုကြပါတယ်။ ပြည်ပကိုတော့ လက်ရှိအချိန်မှာ သယ်ယူပို့ဆောင်ခစရိတ်တွေ မြင့်တက်နေတာကြောင့် မပို့နိုင်သေးပါဘူး။ ဒီနှစ်က အထွက်နှုန်းကောင်းပြီး စထွက်ထွက်ချင်းမှာ ဝယ်လိုအားကောင်းတဲ့အပြင် ဈေးနှုန်းလည်းကောင်းနေတယ်။ ဆီးသီးက တစ်နှစ်ပတ်လုံးမှ တစ်ခါပဲ ခူးရပါတယ်။ ဒီနှစ်မှာ ဆီးသီးရောင်းချရတာ အဆင်ပြေလို့ ဝမ်းသာနေကြပါတယ်" ဟု ဆည်တော်လေးကျေးရွာမှ ဆီးသီးစိုက်ပျိုးရောင်းဝယ်သူ ဦးမြင့်ဆွေက ပြောသည်။



ယခုနှစ်ထွက်ရှိလာသည့် ထိုင်ဝမ်ဆီးသီးများကို ပြည်တွင်းဈေးကွက်သို့ သုံးရက်ခြားတစ်ခါ ဂျပ်ဖာ ၂၅ ဖာနှင့် ဆာလာအိတ် ၁၀၀ ခန့် တင်ပို့ရောင်းချနေရကြောင်း၊ တင်ပို့ရောင်းချရာတွင် ရန်ကုန်၊ လားရှိုးနှင့် မန္တလေးမြို့များသို့ ရောင်းချရပြီး ရန်ကုန်နှင့် မြန်မာပြည်အောက်ပိုင်းဒေသများသို့ အများဆုံးတင်ပို့ရောင်းချနေ ရကြောင်း၊ လက်ရှိပေါက်ဈေးမှာ ဆီးသီးအမျိုးအစားပေါ်မူတည်၍ တစ်ဖာလျှင် ကျပ် ၈၀၀၀ မှ ၁၅၀၀၀ အထိ ရရှိနေကြောင်း၊ ပုသိမ်ကြီးမြို့နယ်အတွင်း ဆီးသီးစိုက် ဧကပေါင်း ၁၀၀ ကျော်ရှိပြီး ဆီးသီးတစ်ဧကလျှင် ကျပ်သိန်း ၈၀ နှင့် သိန်း ၁၀၀ ကြားရရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ပွင့်ဖြူမြို့နယ်မှ ဒေသခံတောင်သူများ ဆောင်းကြက်သွန်နီစိုက်ပျိုးရေးကို အားထားလုပ်ကိုင်လာ

**ပွင့်ဖြူ ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ ဒေသခံတောင်သူများအနေဖြင့် ၂၀၂၂-၂၀၂၃ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေကို အမှီပြုပြီး ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်ကြကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကြက်သွန်နီ သီးနှံစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး စိုက်ဧက ၁၀၀၂ ဧက လျာထားဆောင်ရွက်ခဲ့ရာ မြေပြင်စိုက်ပျိုးပြီးစီးမှု ၁၁၂၄ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် သတ်မှတ် လျာထားဧကထက် ၁၁၂ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီဈေးနှုန်းများ ကောင်းမွန်နေမှုကြောင့် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရေးအတွက် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကို အမှီပြုပြီး အားထားစိုက်ပျိုးလာခြင်းဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေက "ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီချိန်မှာ ဆောင်းသီးနှံကြက်သွန်နီကို တစ်မြို့နယ်လုံး ၁၀၀၂ ဧက လျာထားစိုက်ပျိုးခဲ့ရာမှာ အမှန်တကယ် မြေပြင်စိုက်ပျိုးနိုင်မှု ၁၁၂၄ ဧကရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က ကြက်သွန်စိုက်တောင်သူတွေ အရှုံးနဲ့ ကြုံတွေ့ခဲ့ရပြီး အခုနှစ် ကြက်သွန်ဈေးပြန်လည်မြင့်တက်လာချိန်မှာ ဒေသခံတောင်သူတွေက သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် အားထားစိုက်ပျိုး လုပ်ကိုင်လာကြပါတယ်။ ဒါ့အပြင် ကြက်သွန်ဖြူကိုလည်း ၃၄ ဧက စိုက်ပျိုးထားနိုင်ခဲ့ပါတယ်။ ကျွန်မတို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဒေသခံတောင်သူတွေ ဆောင်းကြက်သွန်နီ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့အတွက် စိုက်ပျိုးနည်းစနစ်နဲ့ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းတွေအပြင် သွင်းအားစုပစ္စည်းသုံးစွဲနည်းစနစ် အသိပညာပေးခြင်းတွေလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိမှာ ကြက်သွန်နီဈေးက အလုံးအကြီးအသေးပေါ် မူတည်ပြီး တစ်ပိဿာကို ကျပ် ၂၀၀၀ ကျော်မှ ၃၀၀၀ ကျော်အထိဈေးနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းကို ဆည်တော်၊ မဲဇလီ၊ ကြူဝန်း၊ အနောက်လေးအိမ်၊ ထန်းတော၊ ညောင်ပင်ဝိုင်း၊ ထူးပေါက်၊ ကျွဲခြံ၊ လယ်မ၊ အင်းနက် ကျေးရွာများနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး ဒေသထွက် ကြက်သွန်နီများမှာ အလုံးလှကာ အရောင်းအဝယ်ကောင်းသဖြင့် မကွေး၊ မင်းဘူးမြို့နယ်များသို့ ရောင်းချရသည့်အပြင် ရန်ကုန်နှင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များမှ ကြက်သွန်နီကုန်သည်ပွဲစားများကလည်း ကြက်သွန်နီ လှိုင်လှိုင်ပေါ်ချိန်တွင် ကုန်တင်ကားကြီးများဖြင့်လာ၍ ဈေးကောင်းပေးဝယ်ယူကြောင်း သိရသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# လုပ်သားနှင့်သွင်းအားစု အခက်အခဲများကြောင့် ကာလတိုသီးနှံများကို တောင်သူများ ပိုမိုစိုက်ပျိုးလာ

**ကျောက်ဆည် ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ နေ့စဉ်ဝင်ငွေရသည့် ကာလတိုသီးနှံများဖြစ်သော ခရမ်း၊ ရုံးပတီ၊ ကန်စွန်း၊ ဆလတ်၊ ဆူးပန်း၊ နံနံ၊ မုန်ညင်းစသည့် ဟင်းသီး၊ ဟင်းရွက်များ တစ်နိုင်တစ်ပိုင် ပိုမိုစိုက်ပျိုးကြရာ ခရမ်းသီးစိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် ကာလရှည်သီးနှံများဖြစ်သည့် စပါး၊ ကြက်သွန်၊ ငှက်ပျော၊ ရေတ်စသည့် သီးနှံများစိုက်ပျိုးရာတွင် လုပ်သားရှားပါးမှု အခက်အခဲနှင့် သွင်းအားစုများပိုမိုသုံးစွဲရသဖြင့် နေ့စဉ်ပုံမှန်ဝင်ငွေရသည့် ကာလတိုသီးနှံများကို ပိုမိုစိုက်ပျိုးလာကြောင်းနှင့် ခရမ်းသီးစိုက်ပျိုးမည်ဆိုပါက အပင်သေပျောက်မှု မရှိစေရန်အတွက် ပျိုးထောင်ပြီး သန်မာသည့်ပျိုးပင်များကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ရေသွင်းမှု လွယ်ကူစေရန်အတွက် မြေပေါင်များပြုလုပ်ပြီး တစ်ပင်နှင့်တစ်ပင် လေးပေခန့်အကွာ စိုက်ပျိုးမှသာ အပင်ပြန့်ပွားမှုနှင့် အသီးများပို၍သီးကြောင်း၊ အပင်ငယ်ချိန်တွင် မြေဆွခြင်း၊ ပေါင်းနုတ်ခြင်းနှင့် လိုအပ်သည့်အခါ ပိုးမွှားကာကွယ်ဆေးများ အသုံးပြုရကြောင်းနှင့် အစိုဓာတ်မပြတ်စေရေး ရေသွင်းပေးရကြောင်း ခရမ်းစိုက်တောင်သူ ဦးတင်မောင်ထွန်းက ပြောသည်။

ခရမ်းသီးသည် အပင်အပြုအစုကောင်းပါက တစ်နှစ်ပတ်လုံးနီးပါး ခူးဆွတ်ရောင်းချရကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်တွင် စတင်ခူးဆွတ်ရပြီး အသီးလှိုင်ချိန်တွင် တစ်ရက်ခြား ခူးဆွတ်ရကြောင်း သိရသည်။

**တင်တင်ထွေး**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း၌ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်မည့် PDF အကြမ်းဖက်အဖွဲ့ဝင်များ လက်နက်/ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရဟန်းသံဃာတော်များ၊ အစိုးရဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ နိုင်ငံတော်ပိုင်အဆောက်အဦများ၊ အများပြည်သူ သွားလာလျက်ရှိသော လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းများကို ဥပဒေမဲ့ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့တိုင်ကြားချက်အရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် ညပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်းသို့ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသော အကြမ်းဖက်အဖွဲ့များအား ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာ အင်းတိန်ညောင်အုပ် ကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် **ဦးဇဝန(ခ) စိုးသန်းဝင်း** အား ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဦးဇဝန(ခ)စိုးသန်းဝင်း၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ၎င်းနှင့်အတူ PDF အကြမ်းဖက်အဖွဲ့များအား ကူညီဆောင်ရွက်ပေးနေသည့် **သန်းဇော်ငွေး(ခ)သားငယ်** အား ကလောမြို့နယ် ဟဲဟိုးမြို့ ညောင်ခါးရှည် ကျေးရွာအနီး၌လည်းကောင်း၊ ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) PDF အကြမ်းဖက် အဖွဲ့ခေါင်းဆောင် **ဇော်ဇော်အောင်(ခ)ဆရာကျောင်း** နှင့် အကြမ်းဖက်အဖွဲ့ဝင် **အိုက်ရွှန်** တို့ နှစ်ဦးကို ကလောမြို့နယ် ဟဲဟိုးမြို့ ရပ်ကွက်(၅)ရှိ "နန္ဒဝန်" စားသောက်ဆိုင်၌ ပစ္စတိုတစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် အတောင့် ၅၀၊ လက်ပစ်ဗုံး နှစ်လုံး၊ စကားပြောစက် တစ်လုံးတို့ဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်ဇော်အောင် (ခ) ဆရာကျောင်း ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် PDF အကြမ်းဖက်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားသွားလာမှုသတင်းများ ပေးပို့ခဲ့သော **တင်တင်ညို(ခ)မလေး** ကို တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် အမှတ် (၂၁၉/ခ)ရှိနေအိမ်၌လည်းကောင်း၊ အကြမ်းဖက်အဖွဲ့များအား ငွေကြေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနေသည့် **မင်းမင်းဦး** ကို တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်ရှိ အမှတ် (၅၉၁) နေအိမ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**နယ်မြေရှင်းလင်း**

ဖမ်းဆီးရမိ တရားခံ ဇော်ဇော်အောင် (ခ) ဆရာကျောင်း ၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေး ပူးပေါင်းအဖွဲ့များဖြင့် ၎င်းတို့ အကြမ်းဖက်အဖွဲ့ဝင်များ ခိုအောင်းလျက်ရှိသည့် ညောင်ရွှေမြို့နယ် လုံကန်ကျေးရွာ၊ တောင်တိုကျေးရွာ၊ တောင်ခြားပြင်ကျေးရွာ အနီးတစ်ဝိုက်သို့ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ခဲ့ရာ တောင်ခြားပြင်ကျေးရွာအနီးရှိ တောတွင်း အရောက်၌ PDF အကြမ်းဖက် အဖွဲ့အင်အား ၂၀ ခန့်မှ လုံခြုံရေးအဖွဲ့များအား လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့မှ ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် အနောက်ဘက်သို့ ဆုတ်ခွာသွားခဲ့ကြောင်း၊ ဖြစ်စဉ်တွင် PDF အကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ **တရားခံ ဖိုးခွား(ခ) အင်းဖိုးခွား** အပါအဝင် အကြမ်းဖက်သမား (စိစစ်ဆဲ)ကျား ငါးဦး၏ အလောင်းများ၊ AK-47 သေနတ် တစ်လက်၊ M-4 သေနတ် တစ်လက်၊ MF-12 သေနတ် တစ်လက်၊ ကာဘိုင် တစ်လက်၊ လောင်ချာ တစ်လက်၊ လက်လုပ်သေနတ် ခုနစ်လက်၊ ၄၀ မမ ဗုံးသီး ၁၀ လုံး၊ လက်ပစ်ဗုံး ၂၃ လုံး၊ နင်းမိုင်း ကိုးလုံး၊ ကျည်မျိုးစုံ ၂၄၁၄ တောင့်၊ ကျည်အိမ်မျိုးစုံ ၂၅ ခု၊ Drone တစ်စင်း၊ စကားပြောစက် လေးလုံး၊ မြေပုံ ခုနစ်ရွက်၊ ပြောက်ကျားယူနီဖောင်း ရှစ်စုံ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ရှင်းလင်းသိမ်းဆည်းရမိခဲ့သည်။

**အကြမ်းဖက်များဖမ်းမိ**

၎င်းနောက် လုံခြုံရေးပူးပေါင်းအဖွဲ့မှ နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်စဉ် ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် ကံရွာကျေးရွာအနီး၌ လုံခြုံရေးအဖွဲ့အား ပစ်ခတ်မှုတွင် ပါဝင်ခဲ့သည့် PDF အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော တရားခံ **ဇော်မျိုးအောင်၊ ဖွဲ့ညီထွန်းနှင့် ကတုံး(သေဆုံး)** တို့ သုံးဦးကို ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ခုနစ်ဦး၊ မ တစ်ဦး ပေါင်း ရှစ်ဦး၊ အကြမ်းဖက်အဖွဲ့ဝင် အလောင်း ခြောက်လောင်း၊ လက်နက်မျိုးစုံ ၁၂ လက်၊ ၄၀ မမ ဗုံးသီး ၁၀ လုံး၊ လက်ပစ်ဗုံး ၂၃ လုံး၊ နင်းမိုင်း ကိုးလုံး၊ ကျည်မျိုးစုံ ၂၄၁၄ တောင့်၊ ကျည်အိမ်မျိုးစုံ ၂၅ ခုနှင့် Drone တစ်စင်းတို့ကို ဖော်ထုတ်ဖမ်းဆီး သိမ်းဆည်းရမိခဲ့သည်။

*စာမျက်နှာ ၂၃ သို့*



၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ညောင်ရွှေမြို့နယ် တောင်ခြားပြင်ကျေးရွာအနီး၌ PDF အကြမ်းဖက်အဖွဲ့ထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများ။

**ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း၌ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်မည့် PDF အကြမ်းဖက်အဖွဲ့ဝင်များ လက်နက်/ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေပြဇယား**



*စာမျက်နှာ ၂၂ မှ*

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ဇော်ဇော်အောင် (ခ) ဆရာကျောင်း** နှင့် **အိုက်ရွှန်** တို့ နှစ်ဦးသည် ၂၀၂၁ ခုနှစ် ဇွန်လတွင် ဖယ်ခုံမြို့နယ် နားဟီးကျေးရွာအနီး၌ PDF အကြမ်းဖက် သင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ်နှင့် ဒီမော့ဆိုမြို့နယ်အတွင်း၌ NUG လက်အောက်ခံ အကြမ်းဖက်အဖွဲ့များအား ဖမ်းဆီးရန်ကျန် တရားခံ **ဖိုးခွား(ခ)ဖားပျံဖိုးခွား** ခေါင်းဆောင်သည့် PDF အကြမ်းဖက်အဖွဲ့ အင်အား ၅၀ ခန့်ဖြင့်လည်းကောင်း၊ **ဇော်ဇော်အောင် (ခ) ဆရာကျောင်း** ခေါင်းဆောင်သည့် PDF အကြမ်းဖက်အဖွဲ့ အင်အား ၄၀ ခန့်ဖြင့်လည်းကောင်း၊ ဖမ်းဆီးရန်ကျန်တရားခံ **ကိုစိုင်း** ခေါင်းဆောင်သည့် PDF အကြမ်းဖက်အဖွဲ့ အင်အား ၁၀၀ ခန့်ဖြင့်လည်းကောင်း၊ **ဖိုးခွား (ခ) အင်းဖိုးခွား** ခေါင်းဆောင်သည့် PDF အကြမ်းဖက်အဖွဲ့အင်အား ၁၅၀ ခန့်ဖြင့်လည်းကောင်း၊ ဖမ်းဆီးရန်ကျန်တရားခံ **ခွန်ရောင်နီ(ခ)အောင်ဝင်း** ခေါင်းဆောင်သည့် PNDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၅၀ ခန့်ဖြင့်လည်းကောင်း ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစ၍ ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖောက်ခွဲမှုများ ဆောင်ရွက်ရန်စီစဉ်**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ဇော်ဇော်အောင် (ခ) ဆရာကျောင်း** ခေါင်းဆောင်သော PDF အကြမ်းဖက်အဖွဲ့မှ အင်အား ၁၅ ဦး၊ ဖမ်းဆီးရန်ကျန် တရားခံ **ဖိုးခွား(ခ) ဖားပျံဖိုးခွား** ခေါင်းဆောင်သော PDF အကြမ်းဖက်အဖွဲ့မှ အင်အား ၁၀ ဦး၊ ဖမ်းဆီးရန်ကျန် တရားခံ **ကိုစိုင်း** ခေါင်းဆောင်သော PDF အကြမ်းဖက်အဖွဲ့မှ အင်အား ၁၅ ဦး၊ **ဖိုးခွား(ခ) အင်းဖိုးခွား** ခေါင်းဆောင်သော PDF အကြမ်းဖက်အဖွဲ့မှ အင်အား ၂၀၊ PNDF အမည်ခံအကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ **ခွန်ရောင်နီ (ခ) အောင်ဝင်း** ခေါင်းဆောင်သော အင်အား ၁၀ဦး စုစုပေါင်း အကြမ်းဖက်အင်အား ၇၀ ခန့်တို့သည် လက်နက်ငယ် ကိုယ်စီကိုင်ဆောင်၍ ပင်လောင်း၊ ညောင်ရွှေ၊ အင်းလေးဒေသ အတွင်းသို့ ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းများမှတစ်ဆင့် အဖွဲ့များခွဲ၍ ဝင်ရောက်လာပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာရှိ လုံခြုံရေး ကင်းစခန်းများကိုလည်းကောင်း၊ ပေါင်းပိန်းကျေးရွာရှိ ပူးပေါင်း စစ်ဆေးရေးဂိတ်ကိုလည်းကောင်း ဝင်ရောက်တိုက်ခိုက်ပြီး အစိုးရဌာနဆိုင်ရာ အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် လူစည်ကားရာနေရာများ၊ ဘုရားဖူးများဖြင့် စည်ကားနေသည့် ဖောင်တော်ဦး ဘုရားဝန်းကျင်နှင့် ဖောင်တော်ဦးဘုရားသို့ လာရောက် ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများအား ထိတ်လန့် ချောက်ချားစေရန်နှင့် သေကျေပျက်စီးမှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ဖောက်ခွဲမှုများ ဆက်လက် ဆောင်ရွက်သွားရန် စီစဉ်ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**လက်နက်/ခဲယမ်းများ ဝယ်ယူ**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ဇော်ဇော်အောင် (ခ)ဆရာကျောင်း** သည် ထိုင်းနိုင်ငံနေ ဖမ်းဆီးရန်ကျန်တရားခံ **ကျော်ကြား** နှင့် စင်္ကာပူနိုင်ငံနေ ဖမ်းဆီးရန်ကျန် တရားခံ **နန်းစံ** တို့၏ ချိတ်ဆက်မှုဖြင့် NUG အကြမ်းဖက်အဖွဲ့နှင့် ပြည်တွင်း/ပြည်ပရှိ အစွန်းရောက်ထောက်ခံသူများထံမှ ငွေကြေးထောက်ပံ့မှုများ ရယူ၍ လိုအပ်သော လက်နက်/ခဲယမ်း များအား ဝယ်ယူ စုဆောင်းခဲ့ကြောင်း၊ တရားခံ **တင်တင်ညို(ခ) မလေး** သည် **မင်းမင်းဦး** မှတစ်ဆင့် **ဇော်ဇော်အောင်(ခ)ဆရာကျောင်း** နှင့် ၎င်း၏ အကြမ်းဖက်အဖွဲ့များထံသို့ ငွေကြေးနှင့် ရိက္ခာပစ္စည်းများအား ခြောက်ကြိမ်ထောက်ပံ့ပေးခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မည့် အစီအစဉ်မတိုင်မီတွင်လည်း **ဇော်ဇော်အောင်(ခ) ဆရာကျောင်း** ထံသို့ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ သွားလာလှုပ်ရှားမှုသတင်းများအား ဆက်သွယ်ပြောကြားပေးခဲ့ကြောင်း ဖော်ထုတ် သိရှိရသည်။

**ဝိုင်းဝန်းကာကွယ်တိုက်ဖျက်**

သို့ဖြစ်ပါ၍ အကြမ်းဖက်မှုကို မလိုလားသော တိုင်းရင်းသားပြည်သူများ၏ သတင်းပေးပို့ချက်များနှင့် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်မီ ကြိုးပမ်းဖော်ထုတ်နိုင်မှုများကြောင့် ဖမ်းဆီးရမိခဲ့သော တရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ ယခုကဲ့သို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**









၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃ ရက်တွင် ညောင်ရွှေမြို့နယ် တောင်ခြားပြင်ကျေးရွာအနီး၌ PDF အကြမ်းဖက်အဖွဲ့ထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများ။




## ဒိုက်ဦးမြို့နယ်၌ မော်တော်ယာဉ် နောက်ဘီးပွင့်၍ ပြုတ်ထွက်ကာ လမ်းလယ်ကျွန်း သစ်ပင် ဝင်တိုက် အမျိုးသမီး တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ဇန်နဝါရီ ၆ ရက်က မော်တော်ယာဉ် နောက်ယာဘက်ဘီးပွင့်၍ ပြုတ်ထွက်ကာ လမ်းလယ်ကျွန်းရှိ သစ်ပင်ကို ဝင်ရောက်တိုက်မိမှုကြောင့် အမျိုးသမီး တစ်ဦးသေဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဇန်နဝါရီ ၆ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်-မန္တလေးလမ်းပိုင်း ဘက်ခြမ်းအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၅၈ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ဗိုလ်တထောင်မြို့နယ် ၇ ရပ်ကွက်နေ ခင်မောင်မြင့် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ မစိုးမြတ်သန္တာမြင့်(၂၂)နှစ်၊ မနှင်းဆီဖြူ(၂၁)နှစ် လိုက်ပါလာသော YGN-71/xxxx မော်တော်ယာဉ်သည် နောက်ယာဘက်ဘီးပွင့်၍ ပြုတ်ထွက်ကာ လမ်းလယ်ကျွန်းရှိ သစ်ပင်ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် မစိုးမြတ်သန္တာမြင့်နှင့် မနှင်းဆီဖြူတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ပဲခူးမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် မစိုးမြတ်သန္တာမြင့်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ခင်မောင်မြင့်အား ဘောနီအမြန် လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## သန်လျင်၌ ကျေးလက်အထောက်အကူပြုသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**သန်လျင် ဇန်နဝါရီ ၇**

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သော အခြေခံမော်တာစက်ချုပ်သင်တန်းကို အဆိုပါကျေးရွာတွင် နိုဝင်ဘာ ၂၃ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာစက်ချုပ်သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သ င်တန်းဆင်းပွဲကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ကျင်းပရာ သန်လျင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ သန်လျင်မြို့နယ် ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က သင်တန်းဆင်း လက်မှတ်များနှင့် ထူးချွန်သင်တန်းသား သင်တန်းသူ သုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# တရားမဝင် စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သတ္တုတွင်း ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် အမှတ်(၁) ရပ်ကွက် ဧရာဝတီမြစ် အတွင်း နောင်တာလောအင်း၌ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အလားတူ ဇန်နဝါရီ ၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာ ချစ်ကြည်ရေးဆီဆိုင်အနီး၌ မော်တော်ယာဉ် သုံးစီးပေါ်မှ အကောက်ခွန်မဲ့ အိမ်သုတ်ဆေးပုံးများနှင့် အားဖြည့်အချိုရည်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်သုံးစီးဖြစ်သည့် TOYOTA Probox တစ်စီး၊ NISSAN Caravan နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၆၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး (ဝဲပုံ) အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်၊ မုံရွာ-မန္တလေး ကားလမ်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ TOYOTA Mark II အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၇၆၅၀၀၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**အများသိရှိစေရန် သတိပေးတားမြစ်ကြောင်း ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၉၆၆နေ ဒေါ်နီလာမြင့် ၁၂/ဥကတ(နိုင်) ၁၃၉၅၁၁ နှင့် ဒေါ်ဥမ္မာမြင့် ၁၂/ဥကတ(နိုင်)၁၂၅၇၇၄ ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်ကြောင်း ကြေညာအပ်ပါသည်-

ဖခင် ဦးရဲမြင့် (MME-၄၈၁၈၄၄)(ကွယ်လွန်)အစ္စလာမ်ဘာသာကိုးကွယ်သူနှင့် မိခင် ဒေါ်သိန်းကြည်(ကွယ်လွန်) အစ္စလာဘာသာကိုးကွယ်သူတို့မှ (၁) ဒေါ်ကြည်ကြည်မြင့်(ကွယ်လွန်)၊(၂) ဒေါ်ကြည်ကြည်ဝင်း၊ (၃) ဦးကျော်ဝင်း(ကွယ်လွန်)၊ (၄) ဦးကျော်မင်း(ကွယ်လွန်)၊ (၅) ဒေါ်ခင်မေအေး၊(၆) ဦးရဲအောင်၊(၇) ဒေါ်ဥမ္မာမြင့်၊ (၈)ဦးထွန်းထွန်းလင်း၊(၉) ဒေါ်နီလာမြင့် စသည့် သားသမီး(၉)ဦး မွေးဖွားခဲ့ပြီးနောက် ဖခင်ဦးရဲမြင့်ပိုင် တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၉၆၆၊ မြေအကျယ်(၄၀ ပေx ၆၀ပေ)မြေပေါ်ရှိ (၂)ထပ် အိမ်(၂)လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာမြင့်၊ ဒေါ်ဥမ္မာမြင့် တို့မှ အမွေဝေစုရယူခဲ့ခြင်းမရှိသေးဘဲ ကျန်သားသမီးများမှ အမွေရယူခဲ့ကြပြီးဖြစ် ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာမြင့်၊ ဒေါ်ဥမ္မာမြင့်တို့၏ခွင့်ပြုချက်မရှိဘဲ ဖခင် ဦးရဲမြင့်(ကွယ်လွန်) အမည်ပေါက် ပိုင်ဆိုင် သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၁၁/က)၊ မြေ အကျယ်(၂၀ပေx ၆၀ပေ)၊ ဧရိယာ စတုရန်းပေ ၁၂၀၀ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁/က)၊ သစ္စာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ် တိုက်အိမ်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ မည်သူမဆို ရောင်းခြင်း၊ ငှားရမ်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုလုပ်ရန် တားမြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ချက်ပေးသူ- | လွှဲအပ်ချက်အရ- |
| ဒေါ်နီလာမြင့်၊ ဒေါ်ဥမ္မာမြင့် | ဦးခင်မောင်ကြီး(LL.B) |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၈၉) |
| | အမှတ် ၂၀၂၊ ၄လွှာယာ၊ လွတ်လပ်ရေးလမ်းနှင့် |
| | သံသုမာလမ်းထောင့်(ဃ)ရပ်ကွက်၊ သဃ်န်းကျွန်း |
| | မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၅၀၉၅၉၈၇၆ |

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ်များဖြင့် Drop Bomb များ အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် သုံးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်များဖြင့် Drop Bomb များ အကြောင်းမဲ့ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် သုံးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ပုလဲမြို့နယ် ဇီးဖြူကုန်း ကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့မှ နေ၍ Drone ယာဉ်များဖြင့် Drop Bomb ခုနစ်လုံး အကြောင်းမဲ့ လာရောက် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် Drop Bomb ခြောက်လုံးမှာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါကျေးရွာအတွင်း နေထိုင်သည့် အပြစ်မဲ့ပြည်သူများဖြစ်သည့် ဒေါ်သေးတင် (၆၂ နှစ်)၊ ဒေါ်ညိုထွေး (၄၅ နှစ်)၊ ဒေါ်ဖြူဖြူသွဲ့ (၂၆ နှစ်)၊ မောင်ဟိန်းထက်ဇော် (၁၇နှစ်)၊ မောင်ပြည့်စုံအောင် (၁၂နှစ်)၊ မောင်ဟန်မင်းထက် ကိုးနှစ်နှင့် မောင်ပိုင်ပိုင် နှစ်နှစ်တို့ ခုနစ်ဦးတို့တွင် ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကာ ကျေးရွာနေပြည်သူများကို အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုနှိမ်နင်းရေး လုပ်ငန်းများအား လုံခြုံရေး လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရေကန်တောင်ကျေးရွာအုပ်စု ပဒဲ့ကောကျေးရွာ စာသင်ကျောင်း၌ ဆရာ ဆရာမများ လိုအပ်လျက်ရှိ

**ကျွန်းစု ဇန်နဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စု ပဒဲ့ကောကျေးရွာစာသင်ကျောင်း၌ ဆရာ ဆရာမများ လိုအပ်လျက်ရှိကြောင်း အဆိုပါကျေးရွာနေသူများထံမှ သိရသည်။

ရေကန်တောင်ကျေးရွာအုပ်စု ပဒဲ့ကောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ၂၀၂၂- ၂၀၂၃ ပညာသင်နှစ်၌ ကျောင်းသားကျောင်းသူ ၆၀ ရှိသော်လည်း အစိုးရဝန်ထမ်းဆရာမတစ်ဦးတည်းသာ ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက မူလတန်းကျောင်းမှာ လက်ရှိပညာသင်နှစ်မှာတော့ ကျောင်းသား ကျောင်းသူ ၆၀ တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ဆရာမကတော့ တစ်ဦးတည်းရှိတယ်။ ကျောင်းမှာက စာသင်ခုံ၊ ဗီရိုနဲ့ကျောက်သင်ပုန်းကြီးတွေနဲ့ ကျောင်းခြံစည်းရိုးတွေ လိုအပ်နေပါတယ်"ဟု ပဒဲ့ကောကျေးရွာ တာဝန်ခံ ဦးစောတာရှည်ရှည် က ပြောကြားသည်။

အဆိုပါ ပဒဲ့ကောကျေးရွာတွင် အိမ်ခြေ ၁၁၀၊ လူဦးရေ ၇၀၀ ကျော် နေထိုင်လျက်ရှိပြီး ဥယျာဉ်လုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကာ ကရင်တိုင်းရင်းသား အများစုနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ကြောင်း အဆိုပါ ကျေးရွာတာဝန်ခံ ဦးစောတာရှည်ရှည် က ပြောကြားသည်။

ပဒဲ့ကောကျေးရွာသည် ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စုအတွင်းတည်ရှိပြီး ယခင်ကကျေးရွာသူ ကျေးရွာသားများသည် ရေလမ်းခရီးတစ်ခုတည်းသာ သွားလာနေခဲ့ရာမှ ယခုအခါ ရေကန်တောင်-ကံမော်ကျေးရွာအုပ်စု ချင်းဆက်လမ်း ဖောက်လုပ်ထားသည့် လမ်းမှ ကုန်းလမ်းခရီးဖြင့် ကား၊ ဆိုင်ကယ်တို့ဖြင့် အလွယ်တကူ ဆက်သွယ်သွားလာနေကြပြီဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မရမ်းကုန်းမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် မိုင်းခတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

မရမ်းကုန်းမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် မိုင်းခတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ရန်ကုန်-ပုသိမ်သွားကားလမ်းတွင် ထက်လင်းကျော် မောင်းနှင်ပြီး မဇွန်လှဲ့ရည်ဖြိုးနှင့် နေလင်းတို့ လိုက်ပါလာသည့် TOYOTA BELTA အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ နှင့် မြန်မာငွေကျပ် ၂ ဒသမ ၀၈၅ သိန်းတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မှော်ဘီမြို့နယ် အမှတ်(၄)ရပ်ကွက်၊ စက်မှု(၁)လမ်းရှိ နေမျိုးဝင်း(ခ)နေမျိုး ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ချစ်ကို ကိုတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ၊ အိုက်စ် သုည ဒသမ ၀၉ ကီလိုနှင့် ချစ်ကိုထံမှ ဆေးခြောက် ၃ ကီလိုတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းခတ်မြို့ အမှတ်(၁) ရပ်ကွက်ရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျနူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။


ထက်လင်းကျော်၊ မဇွန်လှဲ့ရည်ဖြိုးနှင့် နေလင်း တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုမိန့်အမှတ် (၈၁၉/၂၀၁၄) ဖြင့် ပြန်လည်အပ်နှံရန်လျှောက်ထားခြင်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်သိန်း(ခ)ဦးဘဲလူးဆာမိ ၁၂/စခန(နိုင်)၀၄၄၅၂၆ အမည်ပေါက် ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁)၊ မြေကွက်အမှတ် (၁၃၆)၊ သာစုကန်စက်မှုဇုန်၊ ပတ္တမြားလမ်းဟုခေါ်တွင်သောမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦကို World Jin Garment Co.,Ltd. မှ ငှားရမ်း၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့် တရားဝင်လုပ်ကိုင်ခဲ့ပြီး ယခုအခါ အဆိုပါကုမ္ပဏီမှ လုပ်ငန်းများရပ်စဲခဲ့သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေနှင့် World Jin Garment Co.,Ltd. အကြား ချုပ်ဆိုခဲ့သည့် အငှားစာချုပ်အား တရားရုံးအမိန့်ဖြင့်ပယ်ဖျက်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေပိုင် အထက်ဖော်ပြပါမြေကွက်လိပ်စာဖြင့် World Jin Garment Co.,Ltd မှ လျှောက်ထားရယူအသုံးပြုခဲ့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) ၏ ခွင့်ပြုမိန့်လိုင်စင်အားပိတ်သိမ်းခွင့်ပြုပါရန် လျှောက်ထားဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းများဖြင့် သက်ဆိုင်ရာရုံးဌာနသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးမြင့်သိန်း(ခ)ဦးဘဲလူးဆာမိ**

**ဒေါ်စုစုလှိုင် (LL.B)** (စဉ်–၇၉၅၄)
**ဒေါ်တင်လဲ့လဲ့ဝင်း(LL.B)** (စဉ်–၁၂၀၄၅)
**ဦးဇေယျာဌေးတင့် (LL.B)** (စဉ် – ၁၂၁၂၀)

**တရားလွှတ်တော်ရှေ့နေများ**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉ ၂၅၄၅၁၈၆၇၈**

## ၁–၁–၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ ၂၉ ပါ ဒေါ်မော်မော်ဝင်း ၁၂/ဗဟန(နိုင်)၀၁၀၆၁၁နှင့် အများသိစေရန် ကြေညာချက်အပေါ် ဒေါ်မော်မော်ဝင်းဘက်မှ ဖြစ်စဉ်အမှန်အား ပြန်လည်ရှင်းလင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မော်မော်ဝင်း ၁၂/ဗဟန(နိုင်)၀၁၀၆၁၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဖြစ်စဉ်အမှန်အား ရှင်းလင်းကြေညာအပ်ပါသည် –

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တိုးချဲ့)၊ မြေကွက်အမှတ်(၅၉၈+၅၉၉)၊ မြေအကျယ် (အလျား ၇၅/၆၉ ပေ x အနံ ၆၇ ပေ)၊ ဧရိယာ ၀ ဒသမ ၁၁ ဧက အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးအား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ Shwe Lwin Lwin Trading Co., Ltd ကိုယ်စား ကုမ္ပဏီအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဒါရိုက်တာ ဒေါ်တင်တင်ဝင်း ၁၂/ဗဟန(နိုင်)၀၇၇၉၆၃ က ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မော်မော်ဝင်း ၁၂/ဗဟန(နိုင်)၀၁၀၆၁၁ ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေက (၃၁–၁၂–၂၀၂၁)ရက်စွဲပါ "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်"အရလည်းကောင်း၊ (၁၅–၂–၂၀၂၂) ရက်စွဲပါ "နှစ်ဦးသဘောတူမြေကွက် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" အရလည်းကောင်း လက်မှတ်ရေးထိုးလက်ဖွဲ့နှိပ်ချုပ်ဆို၍ ရောင်းဖိုးငွေ အပြည့်အဝနီးပါး ပေးချေခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ပေးချေခဲ့သည့်အတွက် ရောင်းသူကုမ္ပဏီမှ ကျွန်ုပ်မိတ်ဆွေထံသို့ မြေကွက်နှင့်ဂရန်မူရင်းကို လက်ရောက်ပေးအပ်ခဲ့ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်တွင် ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးသန်းဇော်ဦး ၁၂/တမန(နိုင်)၀၀၃၉၂၄ထံသို့ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၈၇/၂၀၂၂)ကို ပေးအပ်ခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေက Shwe Lwin Lwin Trading Co, Ltd သို့ ဆက်လက်ပေးချေရမည့် ရောင်းဖိုးကျန်ငွေမှာ (၁၅–၂–၂၀၂၂) ရက်စွဲပါ စာချုပ်အပိုဒ်(၃)အရ ရောင်းသူက ဝယ်သူသို့ မြေပုံ/ရာဇဝင်မူရင်း (Up to date) ပေးအပ်သည့် နေ့ရက်ရောက်မှ ငွေကျပ်သိန်း(၅၀)တိတိကို ပေးချေရန်သာ ကျန်ရှိပါသည်။ သို့သော် ရောင်းသူကုမ္ပဏီမှကျွန်ုပ်မိတ်ဆွေထံသို့ ဤသတင်းစာကြော်ငြာပါရှိသည့်နေ့ရက်အထိ မြေပုံ/ ရာဇဝင်မူရင်းအား ပေးအပ်နိုင်ခြင်းမရှိသေးပါ။

သို့ဖြစ်ရာ အထက်ခေါင်းစီးပါ သတင်းစာကြော်ငြာတွင် ရေးသားဖော်ပြထားသည့် "ကျွန်ုပ်မိတ်ဆွေထံသို့ မြေကွက်နှင့်ဂရန်မူရင်းပေးအပ်ကာ ခေတ္တပေါင်နှံခဲ့ခြင်း"၊ "ဒေါ်မော်မော်ဝင်းက ရောင်းသူ၏လက်မှတ်ကို အတုအပပြုလုပ်၍ အခြားသူထံသို့ လက်ရောက်လွှဲပြောင်း အလွဲသုံးစားပြုလုပ်သည်" ဟူ၍ မမှန်မကန်စာသားများကို နိုင်ငံပိုင်သတင်းစာတွင် ထည့်သွင်းဖော်ပြ ကြေညာခဲ့ခြင်းမှာ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သရေအား လွန်စွာထိခိုက်နစ်နာစေပါသည်။

သို့ပါ၍ အဆိုပါ သတင်းစာကြေညာချက်အား ထည့်သွင်းဖော်ပြ ကြေညာသူများအနေဖြင့် ဤသတင်းစာကြေညာချက်ပါရှိပြီး (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေအား နိုင်ငံပိုင်သတင်းစာတစ်ခုခုတွင် တရားဝင် ပြန်လည်တောင်းပန်ပေးရန် အသိပေးကြေညာအပ်ပါသည်။ သို့မဟုတ်ပါက တာဝန်ရှိသူများ အားလုံးကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်ဇော်နိုင်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၆၁)**
**အခန်း(၅၀၁၀)၊ မြခွာညိုကွန်ဒို(ဝါဝါဝင်း)၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉ ၅၁၈၀၂၀၂**

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၀၇၂)၊ အကျယ်အဝန်း ပေ(၄၀x၆၀)၊ ဦးလှသွင် ၁၂/သလန(နိုင်)၀၆၆၀၈၅ အမည်ပေါက်မြေကွက်ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားသူ ဦးဇော်မျိုးထက် ၁၂/လမတ(နိုင်)၀၃၃၃၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူခိုင် ၇/ကပက(နိုင်)၀၇၉၈၀၇ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးစိုးဟန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၅၈၁၂/၁၇–၁၂–၁၉၉၁)**

**ဒေါ်ထူးထူးမြတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၂၅၃၆/၁၆–၅–၂၀၁၇)**

**အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့၊ ဖုန်း–၀၉–၂၅၀၀၃၃၄၉၀၊ ၀၉–၄၄၃၁၆၉၄၁၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၂၃၃၀+၂၃၃၁)၊ ဧရိယာ ၀ ဒသမ ၁၁၃၊ နှစ် ၆၀ ဂရန်မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမောင်သိန်း (ဘ)(ဦးဂန်ဂါရာဂျူး) ၁၂/မဂတ(နိုင်)၀၄၃၃၉၆သည် မူလမြေအမည်ပေါက်သူ ဦးလှထွန်း (ခ) ဦးထွန်းလင်း (ခ) တက်ဇော် (AA–၀၈၂၉၉)ထံမှ တရားဝင်မှတ်ပုံတင်ပြီး ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး မြို့မြေစာရင်းတွင်လည်း ဦးမောင်သိန်း ၁၂/မဂတ(နိုင်)၀၄၃၃၉၆ အမည်ဖြင့် အမည်ပေါက်လျက်ရှိပါသည်။ ၎င်းအမည်ပေါက် ပိုင်ဆိုင်သောမြေကွက်အား (ကျိုက်ထီးရိုး ဟိန္ဒူဆီမီးငါးထောင် ပရဟိတအဖွဲ့သို့ နှမ်းပါးသူများအား ကူညီစောင့်ရှောက်ရေးပြုလုပ်ရန်အတွက်) စာချုပ်ချုပ်ဆိုပြီး လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဦးမောင်သိန်းသည် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျန်းမာရေးဆေးဝါးကုသမှုခံယူရန် အိန္ဒိယနိုင်ငံသို့သွားခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် (၃)နှစ်ကြာ ဆေးကုသခဲ့ပါသည်။ ယခုအခါ ၎င်းပိုင်ဆိုင်သောမြေနှင့်ပတ်သက်၍ ဂရန်မူရင်းကို အဆက်အစပ်များကိုရှာဖွေရာ ပျောက်ဆုံးလျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် မည်သည့်အခါမျှ မည်သူ့ကိုမျှ လက်မှတ်ရေးထိုး ရောင်းချခြင်းမရှိခဲ့ပါ။ ကျွန်ုပ်၏မိတ်ဆွေ မရှိခိုက် အဆိုပါမြေကွက်အား မရိုးမဖြောင့်သောနည်းဖြင့် ပြုလုပ်ကာ နာမည်ပြောင်းထားကြောင်း ကြားသိပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး လက်ဝယ်ပိုင်ဆိုင်သည်ဟု ပြောဆိုနေသူများစာချုပ်စာတမ်း အဆက်ဆက် ဂရန်မူရင်းများဖြင့် ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းပေးပါရန် တောင်းဆိုအပ်ပါသည်။ အကယ်၍ လာရောက်ဖြေရှင်းပြသခြင်းမရှိပါက ဥပဒေကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်တင်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀၊ ၃(ဘီ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၉၆၄၄၇၁၇၉၂၊ ၀၉–၄၄၅၇၄၉၀၉၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ နတ်မောက်လမ်း၊ နေထိုင်ခွင့်အမှတ် ၄၅၀(ခ)ဟုခေါ်တွင်သော အလျားပေ၆၀ x အနံပေ ၁၀ရှိ မြေကွက်နှင့် ပျဉ်ခင်းပျဉ်ကာ၊ သွပ်မိုးနေအိမ်တစ်လုံးအား ဒေါ်တင်စိန် (ဘ) ဦးရွှေ ၁၂/ကမရ(နိုင်)၀၁၉၈၄၃နှင့် ဒေါ်တင်စိန်၏ တူသားဖြစ်သူ ဦးပြည့်ဖြိုးအောင် ၁၂/လသယ(နိုင်)၀၆၃၁၆၅ တို့နှင့် တရားဝင်ခံစားပိုင်ခွင့်ရှိသူမှ ကျွန်ုပ်၏မိတ်ဆွေကလွှဲပြောင်းဝယ်ယူရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ခံစားပိုင်ခွင့်ရှိသူများအပါအဝင် မည်သူမဆိုကန့်ကွက်လိုပါက ခိုင်မာသောအထောက်အထားများတင်ပြပြောဆိုလျက် ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ လွှဲပြောင်းဝယ်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မိုးသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ခင်သန်း (B.A, D.A, H.G.P)**
**အထက်တန်းရှေ့နေ (စဉ်–၇၇၃၁)**
**ဖုန်း–၀၉–၄၂၀၀၇၃၂၀၃၊ ၀၉–၂၆၅၁၇၃၃၂၅**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/4394 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် (၁၃)နေ ကိုလာဘ်လာဘ်ဟိန်း ၁၂/မဂတ(နိုင်) ၀၉၄၀၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ကိုလာဘ်လာဘ်ဟိန်းနှင့် မစုယမင်းအေး ၁၂/မဂတ(နိုင်)၁၀၁၆၁၃ တို့သည် ၁၀–၃–၂၀၂၀ ရက်က တရားဝင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ရာ ယနေ့တိုင် ဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခြင်းမရှိသေးသော တရားဝင်ဇနီးမောင်နှံဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ကိုလာဘ်လာဘ်ဟိန်း**
**၁၂/မဂတ(နိုင်)၀၉၄၀၂၁**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရတနာလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၉၆၄)**
**အမှတ်(၄၄)၊ ၁၂၂–လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၉၆၅၀၄၃၉၅၅**

## အထူးကြည်ညိုဝမ်းမြောက်ဂုဏ်ပြုပူဇော်ခြင်း

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ စိန်ရတုအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၃)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မဟာဗောဓိစာသင်တိုက်၏ ဦးစီးပဓာန နာယက၊ သုခဝတီပရိယတ္တိစာသင်တိုက်နှင့် သုခါဝါသဓမ္မရိပ်သာ၊ ဥက္ကလာသီရိကျောင်း(သုခဝတီ–ရန်ကုန်)တို့၏ မဟာနာယကဆရာတော် ဖြစ်တော်မူသော **ဘဒ္ဒန္တကလျာဏ(မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်)ဆရာတော်အား "အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်"** ဆက်ကပ်ပူဇော်ခြင်းခံရသဖြင့် အထူးပင်ကြည်ညိုဂုဏ်ပြုဝမ်းမြောက်ပူဇော်အပ်ပါသည်ဘုရား။

ဆရာတော် သက်ရှည်ကျန်းမာစွာဖြင့် သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်ဘုရား။

**သုခဝတီ ပရိယတ္တိစာသင်တိုက်နှင့် သုခါဝါသဓမ္မရိပ်သာ**
**တပည့် ဒါယကာ/ဒါယိကာမများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၅၇၊ မြေကွက်အမှတ်- ၁၀၅၅၊ ဧရိယာ (၀. ၀၅၅) ဧက (အလျား ၄၀ ပေ × အနံ ၆၀ ပေ) အကျယ်အဝန်းရှိ အမည်ပေါက် ဒေါ်ဝင်းကြည် (၁၂/မဂဒ (နိုင်) ၁၁၇၀၀၀) မြေချပါမစ် မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နွယ်နီစိုး (၈/နမန (နိုင်) ၁၉၈၅၁၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၃၀-၁၂-၂၀၂၂) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်" ဖြင့် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို ပေးအပ်၍ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်ပိုင်ဆိုင်မှုရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမျိုးမြင့် (ဘဏ်)**
**တရားလွှတ်တော်ရှေ့နေ**
**(၆၀၆၅/၉၄)**

**ဒေါ်စိုင်ဇေမွန်**
**တရားလွှတ်တော်ရှေ့နေ**
**(၁၇၉၇၇/၂၂)**

**ဒေါ်အိအိအေး** (စဉ်-၄၇၆၈၆)
**ဒေါ်ပြည့်ပြည့်အောင်** (စဉ်-၄၉၂၂၁)
**ဒေါ်အေးချိုဇင်** (စဉ်-၅၂၈၃၆)

**အ ထက် တန်း ရှေ့ နေ များ**
အမှတ် (၈၃)၊ အခန်း (၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09 5167237, 09 796290305, 09 423744414, 09 448026350

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ အလ္လကပ္ပကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၀၈/၁၇၆၉–ညောင်ပင်ပြန်အရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၇၉/၁)၊ မြေဧရိယာ ၁ဒသမ၇၂ဧကရှိ မြေသည် ဦးစိုးမြင့်အောင် အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် D.O.R.P No. 95/V/2017–2018 (30 Years) မြေငှားဂရန်သက်တမ်းမှာ ၃၁–၈–၂၀၁၇မှ ၃၀–၈–၂၀၄၇ ရက်ထိ ဖြစ်ကြောင်း၊ ဦးစိုးမြင့်အောင်သည် ၁–၈–၂၀၂၁ရက်တွင် ကွယ်လွန်သွားပြီဖြစ်သဖြင့် ဦးစိုးမြင့်အောင်၏ဇနီးဖြစ်သူ ဒေါ်ကြည်စန်း ဝင်း(ဘ)ဦးတင်ရွှေ ၈/ပခက(နိုင်)၁၆၆၃၉၂မှ အဆိုပါ ဂရန်မြေကို လက်ရှိထားအကျိုးခံစားနေထိုင်လျက်ရှိကြောင်း မုံရွာခရိုင် တရားရုံးတွင် ကျမ်းကျိန်ဆိုခဲ့ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ထားရှိခဲ့ပါသည်။ ၂၀–၁၂–၂၀၂၂ရက်တွင် မြင်းမူမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ အလ္လကပ္ပကျေးရွာရှိ ဦးစိုးမြင့်အောင်–ဒေါ်ကြည်စန်းဝင်းတို့၏ **စိုးဖြိုး** စက်သုံးဆီအရောင်းဆိုင်အား ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်ကြည်စန်းဝင်း ၈/ပခက(နိုင်)၁၆၆၃၉၂မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား တရားဝင်ချုပ်ဆို၍ စာချုပ်စာတမ်း မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်ကြည်စန်းဝင်း(ဘ)ဦးတင်ရွှေ ၈/ပခက(နိုင်) ၁၆၆၃၉၂ အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ် ၆၉ (၄လွှာ/B)ခြေရင်းခန်း၊ အကျယ်အဝန်း(၅၅x၁၂)ပေရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစောကိုကိုအောင် ၁၂/ဒဂတ(နိုင်)၀၃၁၉၁၅ က ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုမြင့် ၁၂/မဂတ(နိုင်)၀၆၅၈၈၂ မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်ထားဇွန် (LL.B,DIL,DBL,DIPL.DML)**
**အထက်တန်းရှေ့နေ(စဉ်–၄၈၅၇၀)**
**အမှတ် ၁၂၇၊ အောင်မင်္ဂလာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၄၈၀၀၄၇၂၄**

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ မင်းဂံရိုးကျေးရွာအုပ်စု၊ ဒိုင်းတရာ(မြောက်)ကျေးရွာနေ ဦးအနီလ်ကူမာရ် ၇/ဖမန(နိုင်)၀၉၉၁၇၅ ၏ သမီး မဟီရာမုနိ၏ မွေးသက္ကရာဇ်အမှန်မှာ (1–6–2000) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉)၊ ဇေကာဒသမတန်း(D)မှ မငွေဇင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၉/ပမန(နိုင်)၁၉၀၄၁၉ အမှန်ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

